မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၈)

ကံ ၏ အကျိုး

စေတနာ အဟံ
ကမ္မံ ဘိက္ခဝေ
ဝဒါမိ

မိမိ၏ စိတ်စေတနာ သည်သာလျှင် ကံ ဟူ၍ နားလည်ကြရမည်။
ဤ ကံ ကို မိမိသာ ပိုင်ဆိုင်သည်။
ကောင်းမှုပြုက ကောင်းကျိုး ခံစားရသည်။
မကောင်းမှုပြုက မကောင်းကျိုး ခံစားရသည်။
ကုသိုလ်၊ အကုသိုလ် နှစ်မျိုးစလုံးသည် အဟောသိကံ
(အချည်းနှီးဟူ၍ မရှိ)။
ကုသိုလ်ကံကြောင့် ရယူရမည်ဖြစ်ပြီး အကုသိုလ်ကံကြောင့်
ပေးဆပ်မှုလည်း ပြုရမည်ဖြစ်သည်။ ။

(သာသနာရေး)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချက်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၈

၂၀၀၆ခုနှစ် အောက်တိုဘာ ၂၈ရက်တွင်ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ချက်သမ္မတနိုင်ငံ သမ္မတ ဗက်ကလက်(ဗ်)၊ ကလော့(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ဖတ်ကြားတင်ပြ



ရန်ကုန် အောက်တိုဘာ ၂၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်တို့က အသီးသီး ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

အမျိုးသားရေးလက္ခဏာကောင်းများနှင့် ရုပ်တည်ခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာ လက်ဆင့်ကမ်းအမွေပေးဝေ

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသည့် အနုပညာရပ်များ အရှည်တည်တံ့စေပြီး ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံး၌ အခြေခိုင်မာပြန့်ပွားရေး၊ အနုပညာရှင်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ရှင်သန်ရေးစသည့် ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် ၁၉၉၃ ခုနှစ်မှစ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့သည်။

ယခုနှစ်တွင် (၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီးကို အောက်တိုဘာလ ၁၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ နေပြည်တော်၌ ပထမဆုံး စည်ကားသိုက်မြိုက်စွာဖြင့် စနစ်တကျအောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များသည် နှစ်ပေါင်းထောင်ချီရှည်ကြာခဲ့ပြီး သမိုင်းစဉ်ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့မှုနှင့်အတူ အနုပညာအဆီအနှစ်များ စုစည်းရင့်ကျက်နေပြီဖြစ်သည်။

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်မင်းကိုယ့်ချင်းဖြင့် ရပ်တည်ခဲ့သည့် ရှေးမြန်မာမင်းအဆက်ဆက်လက်ထက်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာသည် ဘာသာသာသနာအရိပ်နှင့် ထီးရိပ်နန်းရိပ်တို့၌ စတင်အခြေပြု ထွန်းကားခဲ့သည်။

ကုန်းဘောင်ခေတ်တွင် နန်းတွင်းဇာတ်တော်ကြီးများ၊ ရုပ်စုံသဘင်များ ခင်းကျင်း ကပြခဲ့သည်။ ဘုန်းတော်ဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့ စသည်တို့ကို ရေးဖွဲ့သည့် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယားစသော တေးဂီတများ ပေါ်ထွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဗုံကြီးသံ၊ စည်တော်သံ၊ အိုးစည်သံ၊ ဒိုးပတ်သံ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေးစသည့် သာမန်ပြည်သူတို့ သီဆိုသည့် တေးသံများ၊ တိုင်းရင်းသား တေးသံများသည်လည်း ပေါ်ထွက်ခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာသည် မြန်မာ့ဘဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပြောင်မြောက်ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သည့် အဆင့်အတန်းမြင့်မားသည့် အခြေအနေကို ရှေးဦးကာလကပင်ရောက်ရှိနေပြီ ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု အနုပညာသည် ထိုကဲ့သို့ ကိုယ်ပိုင်အမျိုးသားရေး လက္ခဏာများနှင့်ရပ်တည်ထွန်းပြောင်နိုင်ခဲ့ခြင်းမှာ မိမိတို့ဘိုးဘွားဘီဘင်များက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပြီး လက်ဆင့်ကမ်းအမွေပေးနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

ယင်းကဲ့သို့ အစဉ်အလာရှိသည့် အမျိုးသားရေးလက္ခဏာကောင်းများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက် သွားကြရမည်ဖြစ်သကဲ့သို့ မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေကောင်း ပေးဝေသွားကြရမည် ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၈–၁၀–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **“အစွန်းနှစ်ဖက်သို့ မကပ်ပါမှ”**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“ထိုက်သူရစေ”** ကျော်ဟိန်း၊ မေသန်းနု
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လွမ်းမပြေ”** (အပိုင်း–၁၂)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၆။ English Premier League Newcastle Vs Charlton Athletic (Live)

တောင်ကိုရီးယား ခရူဇ်ဒုံးကျည် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

ဆိုးလ် အောက်တိုဘာ ၂၇

တောင်ကိုရီးယားနိုင်ငံသည် ကီလိုမီတာ ၁၀၀၀ အကွာအဝေး ရောက်အောင်ပစ်နိုင်သော ခရုဇ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ကြောင်း အစိုးရပြောခွင့်ရ အရာရှိများက အောက်တိုဘာ ၂၄ ရက်၌ ပြောကြားသည်။

ပစ်မှတ်ထိမှန်

တောင်ကိုရီးယား၏ ကိုယ်ပိုင်နည်းပညာများဖြင့် တီထွင်ထားသော အဆိုပါခရုဇ်ဒုံးကျည်မှာ ပစ်မှတ်ကို အတိအကျထိမှန်အောင် ပစ်ခတ်နိုင်ခဲ့ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အဆိုပါ ဒုံးကျည်မှာ ကိုရီးယားကျွန်းဆွယ်နှင့် အာရှတိုက်အချို့နေရာများသို့ ရောက်အောင် ပစ်ခတ်နိုင်စွမ်းရှိကြောင်း၊ လမ်းကြောင်းမှန်ရှာဖွေမည့်နည်းစနစ်များကြောင့် ပစ်မှတ်ကိုထိမှန်ရန် ရာခိုင်နှုန်းများစွာသေချာကြောင်း မီဒီယာများက ပြောကြားသည်။

အောင်မြင်

ကီလိုမီတာ ၅၀၀အကွာအဝေး ပစ်ခတ်နိုင်သော ခရုဇ်ဒုံးကျည်ကို စက်တင်ဘာလက အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုဘိုင်းလ်ဖုန်းအသုံးများသူ အမျိုးသားများ သားသမီးရရှိရေး ထိခိုက်နိုင်

အိုဟိုင်းယိုး အောက်တိုဘာ ၂၇

မိုဘိုင်းလ်ဖုန်း အလွန်အကျွံအသုံးပြုသူအမျိုးသားများအနေဖြင့် သားထောက်သမီးခံရရှိရေးကို ထိခိုက်ကောင်း ထိခိုက်နိုင်သည်ဟု လေ့လာတွေ့ရှိချက်တစ်ခုအရ သိရသည်။ (အောက်ပုံ)

အိုဟိုင်းယိုး သုတေသီများက တစ်နေ့လျှင် မိုဘိုင်းလ်ဖုန်း လေးနာရီနှင့် အထက်အသုံးပြုသူများ၏ သုက်ပိုးများမှာစံချိန်မမီ အင်အားနည်းပြီး မအောင်မမြင်ဖြစ်သည်ကို တွေ့ရသည်ဆို၏။ ထိုသူတို့၏သုက်ပိုးတစ်မီလီလီတာတွင် သုက်ပိုးကောင်ရေ သန်း ၅၀ သာရှိပြီး သန်မာအောင်မြင်မှုမရှိသည်ကို တွေ့ရသည်။

အသုံးပြု

တစ်နေ့လျှင် မိုဘိုင်းလ်ဖုန်းနှစ်နာရီနှင့် လေးနာရီကြား အသုံးပြုသူအမျိုးသားများ၏ သုက်ပိုး တစ်မီလီလီတာတွင် သုက်ပိုးကောင်ရေ ၆၉ သန်းရှိပြီး အတော်အတန် အောင်မြင်ကျန်းမာသည်ဆို၏။

မိုဘိုင်းလ်ဖုန်းလုံးဝအသုံးမပြုသူ အမျိုးသားများ၏ သုက်ပိုး တစ်မီလီလီတာလျှင် သုက်ပိုးကောင်ရေ ၈၆ သန်းရှိပြီး အရည်အသွေးအကောင်းဆုံးဖြစ်သည်ကို တွေ့ရကြောင်း သိရသည်။

(အင်တာနက်)

ပေကျင်းစားသောက်ဆိုင်ကြီးများ ဗီဒီယိုကင်မရာ တပ်ဆင်ရမည်

ပေကျင်း အောက်တိုဘာ ၂၇

တရုတ် စည်ပင်သာယာရေးအာဏာပိုင်များသည် ပြည်သူလူထုလုံခြုံရေးအတွက် တရုတ်နိုင်ငံမြို့တော်ရှိ စားသောက်ဆိုင်ကြီးများတွင် ဗီဒီယိုကင်မရာများ တပ်ဆင်ရန်လိုအပ်သည်ဟု ပြောကြားခဲ့သည်။

ဒဏ်တပ်မည်

စတုရန်းမီတာ နှစ်ထောင်ထက်ကြီးသော စားသောက်ဆိုင်များတွင် ဗီဒီယိုကင်မရာ တပ်ဆင်ခြင်းမပြုလုပ်ပါက ဒဏ်တပ်ခံရမည်ဖြစ်ပြီး ဗီဒီယိုကင်မရာ မှတ်တမ်းကို အနည်းဆုံးတစ်နှစ် သိမ်းဆည်းထားရမည်ဟု အောက်တိုဘာ ၂၄ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

တပ်ဆင်

ဗီဒီယိုကင်မရာများကိုဝင်ပေါက်များ၊ ပြည်သူများရှိသည့် အခန်း၊ ကောင်တာ စားပွဲနှင့်ဓာတ်လှေကားတို့တွင် တပ်ဆင်ထားရမည်ဖြစ်ပြီး ဆိုင်ဖွင့် သည့်အချိန်အတွင်း မှတ်တမ်းတင် တပ်ဆင်ထားရမည်ဟု သတ်မှတ်ဖော်ပြထားသည်။

ဒဏ်ငွေ

ထိုသို့သတ်မှတ်ချက်ကိုချိုးဖောက်သည့်ဆိုင်များအနေဖြင့် အများဆုံးယွမ် ၁၀၀၀၀၀(အမေရိကန်ဒေါ်လာ ၁၂၆၂၅) ဒဏ်ငွေနှင့်ရင်ဆိုင်ရမည်ဟု တာဝန်ရှိသူက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှား၌ ကြိုးတံတား ပျက်ကျ ငါးဦးသေဆုံး

ဂျကာတာ အောက်တိုဘာ ၂၇

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းရှိ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လည်ပတ်ရာ ဒေသရှိကြိုးတံတားတစ်ခု အောက်တိုဘာ ၂၅ ရက်ကပျက်ကျရာ ငါးဦးသေဆုံးပြီး ၂၄ ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ တံတားပျက်ကျခဲ့မှုကြောင့် ခရီးသွားများ ကျောက်ဆောင်ထူထပ်သည့်မြစ်ထဲသို့ လွင့်စဉ်ကျသွားကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ဂျကာတာမြို့အရှေ့ဘက်ကီလိုမီတာ ၃၀၀ အကွာရှိ ဂါနန်မီးတောင်အနီး ဘာတူဒါရင်ဆင်ခြေလျှော၌ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

❐ ရှေ့ဖုံးမှ

ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ (၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန် လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ) နှင့် မွန်နိုက်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၂ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁၇ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဗိုလ်မှူးချုပ်မြဝင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆက်လက်ရှင်းလင်းပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

[အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဗိုလ်မှူးချုပ်မြဝင်း၏ ဖတ်ကြားတင်ပြချက်နှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များကို ဆက်လက် ဖော်ပြသွားပါမည်။]

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အခမ်းအနားမှူး အဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံ

အောက်တိုဘာ ၂၅ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရန်ကင်း ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၇

မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော် ဆဋ္ဌသင်္ဂါယနာ ပိဋကတ်ကျောက်စာတော်များတည်ရှိရာ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်တွင် ယခုနှစ် ပုရိမဝါမှ ကျွတ်တော်မူကြကုန်သော ဘဒ္ဒန္တတေဇောဘာသ(ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) အမှူးရှိသော စာချ၊ စာသင် အရှင်မြတ် အပါး၃၀၀ တို့အား အကြိမ်(၃၀)မြောက် ဘုံကထိန်လျာသင်္ကန်းကပ်လှူပွဲကို (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းကံဘဲ့ ဘူတာရုံလမ်း ရန်ကင်းမြို့နယ်၌ ကပ်လှူပူဇော်မည်ဖြစ်ရာ စေတနာရှင်အလှူရှင် ဒါယကာ ဒါယိကာမများကိုယ်တိုင် ပါဝင်လှူဒါန်း ဆက်ကပ်ကြရန် အသိပေးအကြောင်းကြားထားသည်။

လှူဒါန်းလိုသူ စေတနာရှင် ဒါယကာ ဒါယိကာမများသည် သင်္ကန်းဒွိစုံ၊ ထီး၊ ဖိနပ်များကို ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်း အကျိုးဆောင်များ ဖုန်း–၅၆၄၄၅၅၊ ၅၆၄၄၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရေလုပ်ငန်းရှင်များစီစဉ်မှုဖြင့် ဟောပြောဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပါမောက္ခ ဦးမော်သန်း(အငြိမ်းစားပါမောက္ခချုပ် ရန်ကုန်စီးပွားရေးတက္ကသိုလ်)က Form Substance and Reality in Business ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပြုလုပ်မည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ **(သတင်းစဉ်)**

ဆင်ဖြူကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း အငြိမ်းစားဆရာ

အဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အမှုထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား အဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် (အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ ကြွရောက်ပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူများသည် ဆင်ဖြူကျွန်းမြို့အထက ကျောင်းအုပ်ကြီး ဖုန်း–၀၆၃–၄၀၃၃၉၊ ဦးကျော်ဝင်းကြည် ဖုန်း–၀၆၃–၄၀၂၇၇၊ ဒေါ်ခင်မေရီ ဖုန်း–၀၆၃–၄၀၀၂၃၊ ဦးအေးမင်း(ရွှေဗမာ) ဖုန်း–၀၆၃–၄၀၀၄၅၊ ဦးဇော်မိုး ဖုန်း–၀၁–၆၈၀၀၂၉၊ ၀၁–၆၈၀၇၃၇၊ ဦးမြင့်ဆွေ ဖုန်း–၀၂–၆၀၆၄၁၊ ၀၉–၂၀၀၇၅၄၆ နှင့် ဦးအောင်မြင့် ဖုန်း–၀၆၃–၄၀၂၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

ရှင်းလင်းဆောင်၌ နောင်ချိုမြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နောင်ချိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်က မြို့နယ်၏ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြပြီး ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာ၌ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်အောင် ဒေသအာဏာပိုင်များနှင့် ဌာနဆိုင်ရာများက လိုအပ်သော အစီအမံများ ကြိုတင်စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် မျိုးကောင်းမျိုးသန့်များ လက်ရှိထက်ပို၍ ရာနှုန်းပြည့်သည်အထိ ရွေးချယ်စိုက်ပျိုးကြရန်၊ စားသုံးမှုနှင့်အထွက်ကောင်းသော စပါးမျိုးများဖြစ်ရန် လိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးကြရာတွင် ပထမအသုတ်ဆွတ်ခူး ကြိတ်ခွဲရရှိတော့မည်ဖြစ်ရာ စိုက်ပျိုးရေးအတွက် လိုအပ်သော ဇီဝဘိုင်အိုဒီဇယ်ဆီ ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရရှိဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

တိုက်တွန်းမှာကြား

သီးနှံစိုက်ပျိုးရာတွင် ဖြစ်ထွန်းအောင်မြင်မှုရရှိရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

နောင်ချိုမြို့နယ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ် စပါးစိုက်ဧက ၃၃၄၇၆ ဧကဖြစ်ပြီး စပါးတင်း ၃၁၂၄၈၉၃ တင်းထွက်ရှိခဲ့ရာ ဒေသဝမ်းစာဖူလုံ ပိုလျှံမှုရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦး လိုက်ပါလျက် နောင်ချိုမြို့အထွက်ရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း) မြန်မာနိုင်ငံရဲတပ်ဖွဲ့ လားရှိုး မူးယစ်အထူးအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသုံးဧက အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေနှင့် ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပြီး စနစ်တကျပြုစု ထိန်းသိမ်းစိုက်ပျိုးရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နောင်ချို-သီပေါလမ်းပိုင်းရှိ ကျင်သီသံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချို-ကျောက်မဲလမ်းရှိ ဂုတ်တွင်းတံတားဟောင်းပြုပြင်ပြီးစီးမှုနှင့်အသစ်တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာ ဦးစိုင်းမိုးညွန့်က ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြုပြင်ပြီး တံတားဟောင်းကို ရေရှည်တည်တံ့ခိုင်ခံ့ရေး စနစ်တကျစီမံဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားပြီး တည်ဆောက်ပြီး ဂုတ်တွင်းတံတားသစ်ကို ဖြတ်သန်း၍ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဂုတ်တွင်းတံတားသစ်သည် အရှည်ပေ ၁၉၀ ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ တံတားခံနိုင်ဝန်မှာ တန်၆၀ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့အထွက် အေးရှားဝေါလ်ကုမ္ပဏီ၏ တိုးဂိတ်သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ ခရိုင်အဆင့် ဌာနဆိုင်ရာများအားတွေ့ဆုံရာ ရှေးဦးစွာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း၊ ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးတင်ဝင်းတို့က ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် ခြံစည်းရိုးကြက်ဆူပင်မှ လာမည့်မိုးရာသီ စိုက်ပျိုးချိန်တွင် ဇီဝဘိုင်အိုဒီဇယ်ဆီ ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းထုတ်ယူ ရရှိဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် စပါးတိုးချဲ့စိုက်ပျိုးရေးနှင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပြီး ခေတ်မီနည်း စနစ်များဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် ဌာနဆိုင်ရာများက ဒေသခံ တိုင်းရင်းသားတောင်သူများအား စည်းရုံးဆောင်ရွက်ကြရေး၊ စိုက်ပျိုးရေရရှိရေးအတွက် ချောင်းပိတ်၊ မြောင်းပိတ် ဆောင်ရွက်ရေးနှင့် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ကြရေး မှာကြားသည်။

ကျောက်မဲခရိုင်၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးစုစုပေါင်း ၁၆၄၃၇၅ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအထိ ၁၆၄၃၈၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် နွေစပါးဧက ၅၂၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နောင်အန်းကျေးရွာအနီး ကျောက်မဲမြို့နယ်မျိုးသန့်ဇုန် အမှတ်(၁) ၂၇ ဧက စိုက်ကွင်းသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြန့်ဖြူးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြို့နယ်တိုင်းတွင် မိမိဒေသခံများ စားသုံးနိုင်ပြီး ဈေးကွက်ရှိသည့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ မျိုးသန့်ဇုန်များ တိုးချဲ့စိုက်ပျိုးရန်နှင့် မိမိဒေသအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ မျိုးသန့်ဇုန်အမှတ်(၁)တွင် ချောင်းချောက်နှင့် နောင်အန်းကျေးရွာတို့မှ တောင်သူ၁၁ဦးတို့က ကွင်းအမှတ်(၉၈) ဧက ၂၇ ဧကတွင် ဆင်းရွှေလီနှင့် ဆင်းရွှေလီ(မွှေး)တို့ စိုက်ပျိုးထားကြောင်း သိရှိရသည်။

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များသည် နောင်ချို-သီပေါလမ်းအပိုင်း ကျင်သီချောင်းဖြတ်ကူး ကျင်သီသံကူ ကွန်ကရစ်တံတားသို့ ရောက်ရှိကြရာ ကျင်သီ တံတားသစ်တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းအောင်နှင့် ဦးရွှေမြတ်လှတို့က ချဉ်းကပ်လမ်းတံတားတိုင် ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တံတားသစ်တည်ဆောက်ရာတွင် စံချိန်စံညွှန်း ပြည့်မီအောင်တည်ဆောက်ရန်နှင့် လျာထား သတ်မှတ်ချိန်တွင် ပြီးစီးရေး စနစ်တကျဆောင်ရွက်ရန်မှာကြားပြီး ကျင်သီတံတားဟောင်း၏ ကြံ့ခိုင်မှုအခြေအနေကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျင်သီတံတားသစ်သည် သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ပြီး စုစုပေါင်း ပေ ၂၁၀ ရှိကြောင်းနှင့် ခံနိုင်ဝန်မှာတန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

လျာထားမှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ပေ ၄၇၀ ရှိ ဒုဋ္ဌဝတီမြစ် ဖြတ်ကူး သီပေါတံတား၏ ကြံ့ခိုင်မှုနှင့် ရေစီးရေလာတို့ကို ကြည့်ရှု စစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က တံတားသစ် တည်ဆောက်ရန် လျာထားမှုနှင့် လက်ရှိတံတား ပြုပြင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တံတားကြီး ရေရှည်ကြံ့ခိုင်ရေး၊ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု အန္တရာယ် ကင်းရှင်းရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သီပေါမြို့နယ် သံတံတားကြီး ရဲကင်း၏ ခြံစည်းရိုးကြက်ဆူပင်တစ်သိန်း စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စဥ့်အင်ကျေးရွာအနီး၌ နမ့်မချောင်းကို ဖြတ်၍ ပြုပြင်တည်ဆောက်ဆဲ စဥ့်အင်တံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆောက်လုပ်မည်

အဆိုပါ စဥ့်အင်တံတားမှာ စုစုပေါင်းအရှည် ၂၉၆ ပေရှိ တံတားဖြစ်ပြီး ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကာ ယာဉ်သွားလမ်း ၂၈ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေစီရှိ တံတားအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တန့်ယန်းလမ်းခွဲရှိ လားရှိုးတပ်နယ်၏ ကုန်းမြင့်(၂) စိုက်ပျိုးမြေဖော်ထုတ်ရေးစီမံကိန်းဧက ၁၀၀၀ စိုက်ပျိုးထားမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စိုက်ပျိုးမြေများကို ဖော်ထုတ်နိုင်သမျှ ဖော်ထုတ်ပြီး အောင်မြင်ဖြစ်ထွန်းအောင်စိုက်ပျိုးကြရန်လိုကြောင်းဖြင့် တာဝန်ရှိသူများအား မှာကြားပြီး ညပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိ၍ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

နှစ်လယ်ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသည့် ထူးခြားကောင်းမွန်သော ရှားပါးကျောက်စိမ်းတုံးကြီး ဝယ်ယူသူကြိုက်နှစ်သက်သည့် ဈေးနှုန်းတင်သွင်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၇

၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း၌ အောက်တိုဘာ ၁၉ ရက်မှ စတင်ကျင်းပလျက်ရှိရာ နိုင်ငံတကာမှ ရတနာကုန်သည်များ လာရောက်၍ မြန်မာ့ကျောက်စိမ်းကို အပြိုင်အဆိုင် ဝယ်ယူလျက်ရှိကြသည်။ ယခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ထူးခြားကောင်းမွန်သည့် ရှားပါးကျောက်စိမ်းတုံးကြီးတစ်တုံးကို Offer Price ဖြင့် ရောင်းချရန် စီစဉ်ထားသည်။

အစိမ်းရောင်အလင်းများဖြာထွက်

အဆိုပါ ကျောက်စိမ်းတုံးကြီးကို နိုင်ငံသားပိုင် ထွန်းရတနာစိမ်းကုမ္ပဏီ လုပ်ကိုင်ခွင့်ရရှိသော လုံးခင်း၊ ဖားကန့်ရတနာမြေ၊ မော်စီစာမော်လုပ်ကွက်အမှတ်(၃၃၀)မှ တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။ အရွယ်ပမာဏမှာ အလျား ၄၄ လက်မ၊ အနံ ၂၄ လက်မနှင့် အမြင့် ၅၂ လက်မရှိပြီး တြိဂံပုံသဏ္ဌာန်လုံးစွပ်ကြီးဖြစ်သည်။ အလေးချိန်အားဖြင့် ၁၁၈၈ ကီလိုဂရမ်လေးပြီး အပေါ်ပိုင်း ငါးပုံသုံးပုံခန့်ကို အခွံချွတ်ပြထားသဖြင့် ကျောက်စိမ်းသားကို ကောင်းစွာတွေ့မြင်နိုင်သည်။ ကျောက်စိမ်းသားမှာ ဖန်သား၊ မှန်သားတမျှ ကြည်လင်ဝင်းပနေပြီး မီးထိုးကြည့်ပါက လှပသော အစိမ်းရောင်အလင်းများ ဖြာထွက်လျက် တွေ့မြင်နိုင်သည်။ ကျောက်စိမ်းတုံးကြီး၏ အပေါ်ပိုင်းတွင် အစိမ်းရောင်(ပဲပန်းများ) ပျံ့နှံ့စွာ တွေ့ရှိရပြီး အလယ်ပိုင်းနှင့် အောက်ပိုင်းတွင် ပဲပန်းနှင့် ခရမ်းနီရောင်များ ကွက်ကြားတွေ့မြင်နိုင်သည်။

၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် Offer Price ဖြင့် ရောင်းချရန် စီစဉ်ထားသည့် ထူးခြားကောင်းမွန်သော ရှားပါးကျောက်စိမ်းတုံးကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ထူးခြားကောင်းမွန်

အဆိုပါ ကျောက်စိမ်းတုံးကြီး ပြသထားရာ မှန်လုံခန်းအတွင်းသို့ ရတနာကုန်သည်များ ဝင်ရောက်ကြည့်ရှုလျက်ရှိရာ ပျားပန်းတမျှ စည်ကားနေသည်။ ယခုကဲ့သို့ အရွယ်ကြီးမားပြီး အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်းတုံးမျိုးကို နောင်နှစ်ပေါင်းများစွာ ထပ်မံတွေ့မြင်ရရန် မလွယ်ကူကြောင်းနှင့် ယခင်ကလည်း မတွေ့ဖူးကြောင်း ကျောက်စိမ်းလုပ်ငန်းရှင်များက ပြောကြားကြသည်။ မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၏ ပြယုဂ်တစ်ခုအဖြစ် ယခုကဲ့သို့ ထူးခြားကောင်းမွန်သည့် ကျောက်စိမ်းတုံးကြီးကို စိတ်ကြိုက်ကြည့်ရှုဝယ်ယူနိုင်ရန် ခင်းကျင်းပြသနိုင်မှုမှာ ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ ထူးခြားချက်တစ်ရပ်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်း ဟိန္ဒားရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် ကြည်လင်စွာထုတ်လွှင့်

ရန်ကုန် အောက်တိုဘာ ၂၇

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ တနင်္သာရီတိုင်း ဟိန္ဒားတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့ သည်။

အဆိုပါ စက်ရုံမှလွှင့်အား ၁၀၀ ဝပ်၊ လှိုင်းနှုန်း ၈ ဖြင့် အောက်တိုဘာ ၂၅ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်

✡ ကျောဖုံးမှ

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲဒီရှင်းလင်းတင်ပြချက်နဲ့စပ်လျဉ်းလို့ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ်–

"၁။ (က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်။**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမ **အကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်း** စတင်သည့် နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

၂။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် **ပုံမှန်အစည်းအဝေးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်** ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ်ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) ပထမအကြိမ်ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် စတင်**တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်း**အဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက** တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂ လထက် မပိုစေရ။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ **အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–**

(က) **နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊**

(ခ) နိုင်ငံတော်သမ္မတ က ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊**

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက **ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။**

၆။ (က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူး** အစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကို ဖြစ်စေ ကျင်းပရန်လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကို ဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်း**အဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ်** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်း**အဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။**

၇။ (က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်း** အဝေးတစ်ရပ်၏ ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်း အဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၈။ (က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံး** အဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ **ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်** ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲ မပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် **အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း** ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်း ရေတွက်ခြင်းမပြုရ။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး **သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိ** သည်။ ထို့ပြင် အခွင့်အရေး မရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ **ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင်** ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်** ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ **သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ်** ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်း မပြုရ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး **သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်** ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(၂) **သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား** ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် **ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန်** သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

၁၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကျင်းပဆဲ ကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲ ကာလမဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် "တိုင်း

စာမျက်နှာ ၆ ကော်လံ ၁

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

28-10 (05) 1 10/28/06, 1:42 AM

ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ

စာမျက်နှာ ၅ မှ

ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း”တွင်ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရ စီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း”တွင်ပါရှိသော ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေ လျာထားချက်”ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၁၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ် ဆောင်ရွက်ပေးရမည်၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်၊

(င) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့်အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့များတွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် အဖွဲ့၏ အကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်၊ ထိုလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော် လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချိထုတ်ဝေသည့်အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။”

လို့ ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့နဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့ ရွေးကောက်ပွဲတွင်

ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တို့က အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များအစုအဖွဲ့များရဲ့ သီးခြားအကြံပြုချက်များကိုလဲ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီ(၇)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း(၁၅)ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ကြေညာနိုင်ကြောင်း ပါရှိပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် မိမိတို့နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသူများဖြစ်သည့်အလျောက် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် နှိုင်းယှဉ်ပါက ဆက်သွယ်သွားလာရေး လွယ်ကူသည်ဟုဆိုနိုင်ပါသည်။ သို့ဖြစ်၍ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးတက်ရောက်ရန် တစ်ဆက်တည်း ပျက်ကွက်မှုကာလ (၁၅)ရက် သတ်မှတ်ခြင်းမှာ လျော်ကန်သင့်မြတ်ပါသည်။ စာမျက်နှာ ၇ ကော်လံ ၁

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြု စာရင်း” တွင်ပါရှိသော ကိစ္စရပ် များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ ဥပဒေကြမ်း တင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

28-10 (06) 1 10/28/06, 1:42 AM

လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကိုဆောင်ရွက်ခွင့်ရှိ

စာမျက်နှာ ၆ မှ

သို့ရာတွင် ယင်းကဲ့သို့ ခွင့်မဲ့ပျက်ကွက်မှုကြောင့် သက်ဆိုင်ရာ ကိုယ်စားလှယ်နေရာများ လစ်လပ်ကြောင်း ကြေညာနိုင်ခြင်းနှင့် စပ်လျဉ်း၍မူ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များနည်းတူ ပျက်ကွက်ရခြင်းအကြောင်းရင်းများကို အသေအချာလေ့လာပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ ပယောဂကြောင့် ဖြစ်ပေါ်ခဲ့ရသည်ဟု သေချာသည့်အခါမှ ကိုယ်စားလှယ်နေရာ လစ်လပ်မှုကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ပြန်ဆောင်ရွက်သွားသင့်ပါသည်”

လို့ အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေးတက်ရောက်ရန် တစ်ဆက်တည်း(၁၅)ရက် ပျက်ကွက်လို့ လစ်လပ်ကြောင်းကြေညာရင် သတ်မှတ်ထားတဲ့ နည်းလမ်းများနဲ့အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့နည်းလမ်းများနဲ့အညီလို့ သုံးနှုန်းထားတာကြောင့် လွှတ်တော်ကိုယ်စားလှယ်ရဲ့ ပျက်ကွက်ရတဲ့အကြောင်းရင်းများကို သေချာစွာ နည်းလမ်းတကျ စုံစမ်းလေ့လာပြီးမှသာ ဆောင်ရွက်ရမယ့်သဘောမျိုး ဖြစ်ပါတယ်။ သက်ဆိုင်ရာ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းတဲ့အခါ မည်သို့မည်ပုံ ဆောင်ရွက်ရမယ်ဆိုတဲ့ နည်းလမ်းများ သတ်မှတ်ပါရှိမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

အဲဒီနိုင်ငံရေးပါတီကပဲ ဆက်လက်ပြီး–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်အပ်နှင်းနိုင်မှု၊ ယင်းထုတ်ပြန်ချက်များသည် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုမရှိကြောင်း တွေ့ရှိပါက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် ဆောင်ရွက်နိုင်မှုတို့သည် ပြည့်စုံမှုရှိသည့်အပြင် ဗဟိုအဆင့်လွှတ်တော်များအပိုင်း၌ ပါရှိသည့် အချက်များနှင့်လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လျော်ကန်သင့်မြတ်ပါသည်။

သို့ရာတွင် သက်ဆိုင်ရာဥပဒေပါ အနှစ်သာရများနှင့် ကွဲလွဲမှုရှိသဖြင့် ပြင်ဆင်ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍မူ ပြည်ထောင်စုလွှတ်တော်အပိုင်း၌ ဆွေးနွေးအကြံပြုခဲ့သည့်အတိုင်း ထိုကဲ့သို့ မှားယွင်းဆောင်ရွက်ခဲ့မှုများသည် သဘောရိုးဖြင့် မှားယွင်းခြင်း ဟုတ်၊ မဟုတ်နှင့် ယင်းသို့ မှားယွင်းမှုကြောင့် ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် နစ်နာဆုံးရှုံးမှုအနေအထားများကို လေ့လာစိစစ် ဆောင်ရွက်မှုများ ပြုလုပ်သင့်ပါသည်”

လို့ အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကိုပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်တယ်ဆိုတာဟာ မှားယွင်းဆောင်ရွက်ခဲ့လို့၊ နစ်နာဆုံးရှုံးခဲ့လို့ ဆိုတဲ့ သဘောမျိုးကြောင့် မဖြစ်နိုင်သလို၊ အခြေအနေအရ ပယ်ဖျက်၊ ပြင်ဆင်ဖို့ လိုအပ်လာလို့ ပယ်ဖျက်၊ ပြင်ဆင်ရတာမျိုးလဲ ဖြစ်နိုင်ပါတယ်။ မည်သည့်အကြောင်းကြောင့် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုရသည်ဖြစ်စေ၊ မပယ်ဖျက်မီ၊ မပြင်ဆင်မီက ဆောင်ရွက်ခဲ့တာတွေဟာ ဥပဒေသဘောအရ ထိခိုက်မှုမရှိဘဲ ဆက်လက် အတည်ဖြစ်နေစေဖို့ လိုအပ်တဲ့အကြောင်း ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းပိုင်းမှာလဲ ရှင်းလင်းပြီးဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။

အဲဒီ နိုင်ငံရေးပါတီကပဲ ဆက်လက်ပြီး–

“တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ် ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီမှုရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက် ယူမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့အစည်းများ၏ မိမိတို့နှင့်သက်ဆိုင်ရာ ဥပဒေကြမ်းများတင်သွင်းခွင့်တို့နှင့် စပ်လျဉ်းသည့် အချက်အလက်များသည်လည်းကောင်း၊ ဥပဒေကြမ်းများ တင်သွင်းသည့် ကိစ္စရပ်များနှင့်လည်းကောင်း ပါရှိသည့် အချက်များသည် လျော်ကန်သင့်မြတ်ပါသည်။ သို့ရာတွင် ရငွေ၊ သုံးငွေ လျာထားချက်များနှင့် စပ်လျဉ်းပြီး–

> “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ၊ သုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်”

ဟု ပါရှိပါသည်။

ယင်းအချက်နှင့်စပ်လျဉ်း၍ အနည်းငယ်ဆွေးနွေးတင်ပြလိုပါသည်။ ဖော်ပြပါစကားရပ်များအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အနေနှင့် ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများပြုလုပ်ရန်မလိုဘဲ အဆုံးအဖြတ်ပေးရမည့်သဘောမျိုး သက်ဝင်နေပါသည်။

ပြည်ထောင်စုလွှတ်တော်တွင် နှစ်စဉ် အရအသုံး ခန့်မှန်းခြေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ တင်သွင်းခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ပါရှိပါသည်။ နှစ်စဉ် အရ၊ အသုံးခန့်မှန်းခြေ ငွေစာရင်းသည် ပြည်ထောင်စုလွှတ်တော်အတွက် အရေးကြီးသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ၊သုံးငွေ လျာထားချက်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက်လည်း များစွာ အရေးကြီးပါသည်။ အပြေအလည်ဆွေးနွေးမှုနှင့် ညှိနှိုင်းမှုများ ပြုလုပ်သွားသင့်ပါသည်။ သို့ဖြစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှ ရငွေ၊ သုံးငွေ လျာထားချက်တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ “ဆွေးနွေး” ဟူသော စကားရပ်ကို ထပ်မံဖြည့်စွက်ပြီး အောက်ပါအတိုင်း ရေးသားသင့်သည်ဟု သဘောရရှိပါသည်–

> “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ၊ သုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် ဆွေးနွေး အဆုံးအဖြတ်ပေးရမည်”

လို့ အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက် အပိုဒ်–၁၅၊ အပိုဒ်ခွဲ(ခ)မှာ “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရ၊ အသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်”လို့ ဖော်ပြပါရှိပြီးဖြစ်ပါတယ်။

ယခုတင်ပြထားတဲ့ အပိုဒ်–၁၇ ဟာ အပိုဒ်–၁၅(ခ)အရ လွှတ်တော်မှာ တင်သွင်းဆွေးနွေးပြီးတဲ့နောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက သတ်မှတ်ထားတဲ့ နည်းလမ်းနဲ့အညီ ရေးဆွဲတင်ပြလာတဲ့ ‘ရငွေ၊ သုံးငွေလျာထားချက်’ကို အဆုံးအဖြတ်ပေးရမယ့်သဘော ဖြစ်တာကြောင့် ‘ဆွေးနွေး’ဆိုတဲ့ စကားရပ်ကို ထပ်မံဖြည့်စွက်ရန် လိုမည်မဟုတ်ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

အဲဒီနိုင်ငံရေးပါတီကပဲ ဆက်လက်ပြီး–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် ဆက်သွယ်ဆောင်ရွက်ရမည့်လုပ်ငန်းများ အကျုံးဝင်ပါရှိပါသည်။

ဗဟိုအဆင့်၌ သမ္မတအနေဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေကြမ်းများအား လက်မှတ်ရေးထိုးထုတ်ပြန်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ မိမိ၏ သဘောထားမှတ်ချက်ကို ပေးပို့ညှိနှိုင်းခွင့်ရှိပါသည်။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲဖြစ်သကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်လည်း သက်ဆိုင်ရာတိုင်း သို့မဟုတ် ပြည်နယ်၏ အကြီးအကဲအဖြစ် ယူဆနိုင်ပါသည်။ အကြီးအကဲများက လွှတ်တော်မှပေးပို့လာသော ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့နိုင်သော်လည်း လွှတ်တော်ကသာ ပြင်ဆင်ချက် လို၊မလို ဆုံးဖြတ်နိုင်ပြီး မလိုအပ်ပါက မူရင်းအတိုင်း ပြဋ္ဌာန်းနိုင်ခွင့်ရှိပါသည်။ အကြီးအကဲများသည် အချိန်တိုအတွင်း တစ်စုံတစ်ရာ ထူးခြားဖြစ်ရပ်များပေါ်ပေါက်၍ ပြင်ဆင်ချက် ပြုလုပ်ရန်ဖြစ်လျှင် နိုင်ငံတော်အတွက်နှင့် ဒေသအတွက် အကျိုးဖြစ်ထွန်းဖွယ်ရာသာ ရှိသဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပေးပို့လာသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး မိမိတို့၏ဆန္ဒနှင့် သဘောထားများကို ပေးပို့ညှိနှိုင်းခွင့် ပြုသင့်သည်ဟု သဘောရရှိပါသည်”

လို့ အကြံပြုတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် နိုင်ငံတော်သမ္မတဟာ ချမှတ်ပြီးတဲ့ အခြေခံမူများအရ နိုင်ငံတော်အကြီးအကဲဖြစ်သည့်အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာ ရရှိသူဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုလွှတ်တော်က တင်ပြလာတဲ့ ဥပဒေကြမ်းအပေါ်မှာ သဘောထားမှတ်ချက်များ ပေးပိုင်ခွင့်ရှိကြောင်း ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်ကလဲ “နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ပြီး လက်မှတ်ရေးထိုးရမည်။ ယင်းကဲ့သို့ လက်မှတ်ရေးထိုးပြီးသော ဥပဒေများကို နိုင်ငံတော် ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်”လို့ ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒီချမှတ်ပြီးတဲ့ အခြေခံရမယ့်မူများနှင့်အညီ လိုက်လျောညီထွေရှိအောင် သတ်မှတ်ထားခြင်းဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဟာ ချမှတ်ပြီးတဲ့အခြေခံရမယ့် မူများအရ ပြည်ထောင်စုဝန်ကြီးအဆင့်ရှိသူဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ရဲ့ အကြီးအကဲဖြစ်ပေမယ့် နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်နဲ့ တူညီစွာ သတ်မှတ်ထားရန် မဖြစ်နိုင်ပါ။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာဆိုရင် ပြည်နယ်ကောင်စီအနေနဲ့ ဥပဒေကြမ်းတစ်ခုကို အတည်ပြုပြီးတဲ့အခါ လက်မှတ်ရေးထိုး ထုတ်ပြန်ပေးဖို့ နိုင်ငံတော်သမ္မတထံ တင်သွင်းရပါတယ်။ ပြည်နယ်ဥက္ကဋ္ဌအနေနဲ့ လက်မှတ်ရေးထိုး ထုတ်ပြန်ခွင့်မရှိပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီကပဲ ဆက်လက်ပြီး–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့ဝင်များအား လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်များပြုထားခြင်းမှာ လျော်ကန်သင့်မြတ်ပါသည်။ သို့ရာတွင် အဆိုပါအခွင့်အရေးများကို ကျင့်သုံးရာ၌ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အပိုင်း၌ ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့်စပ်လျဉ်း၍လည်း အောက်ပါအတိုင်းဖြည့်စွက်မှုများ ပြုလုပ်သင့်ပါသည်–

> “အထက်ပါအပိုဒ်ခွဲ(က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲဥပဒေများနှင့် အညီ အရေးယူခြင်းခံရမည်”

လို့ အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်တွင် ‘အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်မှုများ ရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်’လို့ ဖော်ပြခဲ့ပေမယ့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက ‘ပြည်ထောင်စုလွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ’ဆိုသော စကားရပ်ကို ဖြည့်စွက်ထည့်သွင်းပေးဖို့ အကြံပြုသွားတာ လေ့လာတွေ့ရှိရပါတယ်။ ဒီအကြံပြုချက်ဟာ ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူနဲ့လည်း ကိုက်ညီပြီး အဓိပ္ပာယ်ပိုမိုပြည့်စုံလို့ အလေးအနက်ထား စဉ်းစားသင့်ကြောင်း သုံးသပ်ရရှိတဲ့အတွက် ယင်းအချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနဲ့ ညှိနှိုင်းခဲ့ပါတယ်။ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နဲ့သက်ဆိုင်တဲ့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များရဲ့ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့် တင်ပြခဲ့ကြပါတယ်။ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ အများအပြားက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးပြောဆိုခွင့်နဲ့ စပ်လျဉ်းပြီး အပိုဒ် ၂၁ အပိုဒ်ခွဲ (ဂ)အဖြစ် “အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်” ဟု ဖော်ပြသင့်ကြောင်း အကြံပြုခဲ့ကြတာ တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

“လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် မိမိတက်ရောက်နေသော အစည်းအဝေး တစ်ခုခုတွင် ထောက်ခံသည့်ဘက်ကိုဖြစ်စေ၊ ကန့်ကွက်သည့်ဘက်ကို ဖြစ်စေ ဆန္ဒမဲ မပေးဘဲ နေပိုင်ခွင့်ရှိပါသည်။ ဤသည်မှာ ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်အစည်းအဝေးများ၊ ကမ္ဘာ့ကုလသမဂ္ဂ အစည်းအဝေးများတွင်လည်း ကျင့်သုံးနေသော အစဉ်အလာတစ်ခုဖြစ်ပါသည်။

“လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာတွင် အခြားနည်းပြဋ္ဌာန်းထားချက်မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်”ဟူသော အခြေခံမူတစ်ရပ်ချမှတ်သင့်ကြောင်းကိုလည်း ထောက်ခံတင်ပြပြီးဖြစ်ပါသည်။

၎င်းအပြင် အထက်ပါ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက် ပြည်ထောင်စုလွှတ်တော် အမှတ်စဉ် ၈(က)၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အမှတ်စဉ်၇(က)(၁)၊ ၇(ခ)(၁)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အမှတ်စဉ် ၈(က)တွင် **“လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲမပေးဘဲ ကြားနေ နေလိုပါက နေပိုင်ခွင့်ရှိသည်”**ဟု ဖြည့်စွက်သင့်ပါကြောင်း”

အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြရမယ်ဆိုရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုဒ် ၈၊ အပိုဒ်ခွဲ(က)ဟာ လွှတ်တော်မှာ ကိစ္စရပ်တစ်ခုအတွက် မဲခွဲဆုံးဖြတ်ရာမှာ တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ဖို့ သတ်မှတ်ပေး

စာမျက်နှာ ၈ ကော်လံ ၁

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော် သမ္မတအား ဖိတ်ကြားရမည်။

စာမျက်နှာ ၇ မှ

ထားတဲ့ သဘောသာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ ဆန္ဒမဲမပေးဘဲ ကြားနေနိုင်ခွင့်ဆိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီမှာ ရရှိပြီးသား အခွင့်အရေးသဘောမျိုးဖြစ်တာကြောင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် သီးခြားထည့်သွင်းဖော်ပြရန် လိုမည်မဟုတ်ကြောင်း ပြောကြားအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က–

"အသေးစိတ်အခြေခံရမည့် မူများအဖြစ် ဆက်လက်ချပြရှင်းလင်းထားတဲ့ အပိုဒ် ၈မှာ လွှတ်တော်အစည်းအဝေးအတွင်း မဲခွဲဆုံးဖြတ်ရန်ရှိက တက်ရောက်သော ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရခြင်း၊ လွှတ်တော်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သူက ဆန္ဒမဲမပေးစေဘဲ နှစ်ဖက်ဆန္ဒမဲပေးမှု တူညီနေမှသာ ဆုံးဖြတ်ချက်တစ်ခုရရန် အဆုံးအဖြတ်မဲအဖြစ် ပေးစေခြင်းများပါရှိပါတယ်။ မူလရှင်းလင်းပြမှုမှာ ပါရှိစဉ်က ဥက္ကဋ္ဌက ပေးရမည့်မဲကို "အနိုင်မဲ"လို့ ဖော်ပြခဲ့ပါတယ်။ "အနိုင်မဲ" ဆိုသည့် စကားရပ်သည် အဓိပ္ပာယ်အားဖြင့် မှန်ကန်သော်လည်း အသုံးအနှုန်းအားဖြင့် တစ်ဖက်ကို အနိုင်ပေး၊ တစ်ဖက်ကို အရှုံးပေးရာရောက်သွားနိုင်တဲ့အတွက် ကျွန်တော်တို့ အစုအဖွဲ့အနေနဲ့ကတော့ "အနိုင်မဲ" ဆိုတဲ့ စကားရပ်အစား "အဆုံးအဖြတ်မဲ" ဆိုတာက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသဖြင့် "အဆုံးအဖြတ်မဲ"ဆိုတဲ့ စကားရပ်နဲ့ အစားထိုးဖော်ပြစေလိုပါတယ်။ ဤသို့ ဖော်ပြခြင်းဖြင့် အဓိပ္ပာယ်ပိုမိုခံ့ညားပေါ်လွင်ပြီး နာယကများ၊ ဥက္ကဋ္ဌများရဲ့ ဂုဏ်သိက္ခာ၊ သမာဓိမြင့်မားမှုကို ပိုမိုလေးနက်စေမှာဖြစ်ပါတယ်"

လို့ ရှင်းလင်းတင်ပြပြီး အကြံပြုသွားတာ တွေ့ရှိရပါတယ်။

ကျွန်တော်ရဲ့ ရှင်းလင်းချက်တွင် ဖော်ပြထားချက်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်တဲ့ကိစ္စများ၌ ထောက်ခံဆန္ဒမဲနဲ့ ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေတဲ့ ကိစ္စရပ်မျိုးမှာ လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သူက ဆန္ဒမဲပေးလိုက်ခြင်းအားဖြင့် အနိုင်ရသွားစေမှာဖြစ်လို့ အနိုင်မဲလို့ သုံးနှုန်းထားတဲ့သဘောဖြစ်ပါတယ်။

အဓိပ္ပာယ်ရှင်းလင်းပေါ်လွင်အောင် သုံးနှုန်းလိုက်ခြင်းဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလဲ "အနိုင်မဲ"လို့ သုံးနှုန်းထားတာ တွေ့ရှိရသလို အခြားနိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လဲ သုံးနှုန်းထားတာကို တွေ့ရှိရကြောင်း၊ "အနိုင်မဲ"လို့ သုံးနှုန်းခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုပြည့်စုံပြီး ရှင်းလင်းလွယ်ကူသွားစေမယ်လို့ သုံးသပ်ရရှိကြောင်း ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တိုနဲ့ စပ်လျဉ်းပြီး ရှင်းလင်းစဉ်က ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

အဲဒီကိုယ်စားလှယ်အစုအဖွဲ့ကပဲ–

"အသေးစိတ် အခြေခံရမည့်မူများထဲက အပိုဒ် ၉ မှာ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ခွင့်ပြုချက်မရဘဲ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အနည်းဆုံး ၁၅ရက်ဆက်တိုက် ခွင့်မဲ့ပျက်ကွက်လျှင် ယင်းကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း ကြေညာခြင်း၊ ၁၅ရက် ရေတွက်ရာမှာ အစည်းအဝေးရွှေ့ဆိုင်းရက် ပါဝင်ရေတွက်မှု မပြုရေးတို့ပါရှိပြီး အပိုဒ် ၁၀ မှာတော့ အထက်ဖော်ပြပါအချက်နှင့် ဆက်စပ်လို့ ကိုယ်စားလှယ်အချို့ အကြောင်းအမျိုးမျိုးဖြင့်လစ်လပ်နေလျှင်ဖြစ်စေ၊ အခွင့်အရေးမရှိသူတစ်ဦးက ပါဝင်တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းတွေ ရှိလာရလျှင်ဖြစ်စေ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြယ်မှုမရှိစေရေးများ ပါရှိပါတယ်။ အပိုဒ် ၁၀မှာပါရှိတဲ့ အချက်နဲ့ပတ်သက်လို့ အကြံပြုလိုသည်မှာ နောင်တွင် စစ်ဆေးတွေ့ရှိနိုင်မည့် "အခွင့်အရေးမရှိသူတစ်ဦး"ဆိုသည့် အစား တစ်ဦးလည်း ဖြစ်နိုင်သလိုတစ်ဦးထက်များသည့် အဖွဲ့လည်းဖြစ်နိုင်သဖြင့် "တစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများက ဖြစ်စေ"ဟူသော စကားရပ်ဖြင့် ဖော်ပြလျှင် ပိုမိုပြည့်စုံနိုင်မည်ဖြစ်ပါကြောင်း"

အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်တွင် "အခွင့်အရေးမရှိသူတစ်ဦးက"လို့ သုံးနှုန်းထားတာဟာ ဥပဒေများရေးဆွဲပြဋ္ဌာန်းရာမှာ သုံးနှုန်းလေ့ရှိတဲ့ စကားရပ်အတိုင်း သုံးနှုန်းထားခြင်းဖြစ်ပါတယ်။"တစ်ဦး"ဆိုတဲ့ စကားရပ်ဟာ "ဧကဝုစ်"ဖြစ်ပြီး တစ်ဦးထက်ပိုပါက 'အများ'ဆိုတဲ့ ဗဟုဝုစ်ဖြစ်ပါတယ်။ တစ်ဦးဆိုတဲ့ ဧကဝုစ်တွင် အများဆိုတဲ့ ဗဟုဝုစ်လည်း အကျုံးဝင် အဓိပ္ပာယ်သက်ရောက်ကြောင်း "မြန်မာနိုင်ငံစကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုသည့်ဥပဒေ"တွင် ဖော်ပြထားပါတယ်။ ဒါကြောင့် ဥပဒေရေးထုံးအရ "အခွင့်အရေးမရှိသူတစ်ဦးက"လို့ သုံးနှုန်းထားခြင်းအားဖြင့် "အခွင့်အရေးမရှိသူတစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ"ဆိုတဲ့ သဘောများ အကျုံးဝင်သက်ဆိုင်ပြီးဖြစ်ပါကြောင်း ပြောကြားအပ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီရဲ့ သဘောထားအတိုင်း တင်ပြသွားပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီး ပုဂ္ဂလကိုယ်စားလှယ်များဖြစ်တဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"လွှတ်တော်အသီးသီးရဲ့ အသေးစိတ်ချမှတ်သင့်တဲ့ အခြေခံမူထဲမှာ"အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ"ဆိုတဲ့ အချက်လည်း ပါဝင်နေပါတယ်။

ဒီအသေးစိတ်အခြေခံမူဟာ လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်မှုကြောင့် လွှတ်တော်ရဲ့လုပ်ငန်းများ အတည်ပြုချက်၊ ဆုံးဖြတ်ချက်များ မပျက်ပြယ်စေလိုတဲ့ သဘောဖြစ်တယ်လို့ ထင်မြင်ပါတယ်။

လွှတ်တော်များမှာ ဆန္ဒမဲပေးဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများဟာ အင်မတန်မှ အရေးကြီးတဲ့ လုပ်ငန်းများဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အခြေခံတစ်ရပ်လည်းဖြစ်ပါတယ်။ ဒါကြောင့် အခွင့်အရေးမရှိသူတစ်ဦးရဲ့ ဆန္ဒမဲဟာ ဒီဆုံးဖြတ်ချက် အတည်ပြုချက်အပေါ်မှာ အကျိုးသက်ရောက်မှု မရှိခဲ့ရင်တော့ အကြောင်းမဟုတ်ပေမယ့် တကယ်လို့များသူရဲ့ဆန္ဒမဲကြောင့် ဆုံးဖြတ်ချက်၊ အတည်ပြုချက်တစ်ခုခုဟာအတည်ဖြစ်ခဲ့ရင် သို့မဟုတ် ပျက်ပြယ်ခဲ့ရင် ဒါဟာ စဉ်းစားစရာဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် သူရဲ့ ဆန္ဒမဲဟာ အဆုံးအဖြတ်မဲ (Decisive Vote) ဖြစ်ခဲ့ရင် ဖြစ်ပါတယ်။ ဥပမာ နှစ်ဖက်ဆန္ဒမဲ မတူညီဘဲ ရှိချိန်မှာ သူရဲ့ဆန္ဒမဲကြောင့် မဲအရေအတွက် တူညီသွားတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌ ပါဝင်ဆန္ဒမဲပေးရတာမျိုး၊ ကိုယ်စားလှယ်ဦးရေထက်ဝက် သို့မဟုတ် သုံးပုံ နှစ်ပုံမရှိဘဲ သူတက်ရောက်ခဲ့တဲ့အတွက် ထက်ဝက်ကျော် သို့မဟုတ် သုံးပုံ နှစ်ပုံပြည့်သွားတာမျိုး ဖြစ်ပါတယ်။ ဒါကြောင့် အထက်ပါကိစ္စမျိုး မဖြစ်ရအောင် ကိုယ်စားလှယ်စိစစ်ရေးကိစ္စကို စနစ်တကျ သေချာစွာ စိစစ်ပြီး ဆောင်ရွက်သင့်ပါကြောင်း"

အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒီအကြံပြုချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ပေါ်ပေါက်လာတဲ့အခါ လွှတ်တော်အစည်းအဝေးများသို့ တရားဝင် တက်ရောက်ခွင့်မရှိသူများ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း မပြုနိုင်ရေးဟာ အလွန်ပဲ အရေးကြီးပါတယ်။ ဒီလိုမဖြစ်ရအောင်လဲ သက်ဆိုင်ရာ ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်း ဆောင်ရွက်တဲ့ အဖွဲ့အစည်းက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားမှာဖြစ်လို့ ဒီအကြံပြုချက်ကို မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး–

"၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်းစတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

၂။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ်ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) ပထမအကြိမ်ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကို ဖြစ်စေ ကျင်းပရန်လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကို ဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တစ်ရပ်၏ ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့်ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်း ရေတွက်ခြင်းမပြုရ။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေး မရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့်မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း”တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(၂) သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ အရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

၁၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကျင်းပဆဲ ကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲ ကာလမဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း”တွင်ပါရှိသော ကိစ္စရပ်များ အနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရ စီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း”တွင်ပါရှိသော ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေ လျာထားချက်”ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၁၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်း ပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(င) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့တို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့်ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော် ကော်မတီနှင့်အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့များတွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် တင်ပြ ပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

၂၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် အဖွဲ့၏ အကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊ ထိုလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသောအထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း ဖြန့်ချီထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆို ပိုင်ခွင့်မရှိစေရ။”

လို့ ချမှတ်လိုက်တဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ရဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေး မရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

နေပြည်တော်နှင့် မဟာဂီတ

သဟဇာတဖြစ်မှု (ဝါ) လိုက်ဖက်မှုရှိသော တရားနှစ်ခုတို့သည် အခြေအနေ အကြောင်းကြောင်းတို့ကြောင့် တစ်ခုနှင့်တစ်ခု ခေတ္တကွဲကွာသွားခဲ့သော်လည်း ထိုအရာနှစ်ခုသည် တစ်နည်းနည်းဖြင့် တစ်ချိန်ချိန်တွင် ပြန်လည်ပေါင်းဆုံရတတ်သည်ကို တစ်ခါတစ်ရံ တွေ့မြင်ရတတ်ပါသည်။ ယင်းကဲ့သို့သော သဟဇာတဖြစ်သည့် အရာနှစ်ခု လာရောက်ပေါင်းဆုံသည့် အံ့သြဖွယ်ရာဖြစ်ရပ်တစ်ခုကို ယခုမမျှော်လင့်ဘဲတွေ့မြင်နေကြရပြီဖြစ်သည်။ ထိုအရာနှစ်ခုမှာ **"နေပြည်တော်နှင့် မဟာဂီတ"**တို့ပင် ဖြစ်ကြသည်။

"မဟာဂီတ"ဟုခေါ်တွင်နေကြသော ရှေးခေတ်သီချင်းကြီး၊ သီချင်းခံများသည် မြန်မာမင်းများအုပ်ချုပ်ခဲ့စဉ်ကာလက အထက်မြန်မာနိုင်ငံ မင်းနေပြည်တော်များတွင် စတင်ပေါ်ပေါက်ထွန်းကားလာခဲ့ကြသည်။ ပုဂံခေတ်မှ စတင်ထွန်းကားခဲ့သော မဟာဂီတသည် မြန်မာ့သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် တိုးတက်ဖွံ့ဖြိုးစည်ပင်လာခဲ့ရာမှ ကုန်းဘောင်ခေတ်ရောက်သောကာလတွင် "မဟာဂီတ"သည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့တော့သည်။

မြန်မာနိုင်ငံ ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရသည့် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော် မတည်မငြိမ် ယိုယွင်းပျက်ပြားလာမှုကြောင့် နန်းတွင်းမှ မဟာဂီတပညာရှင်များသည် မိမိတို့ ချစ်မြတ်နိုးသော မဟာဂီတကို ပွေ့ပိုက်ကာ မန္တလေးနေပြည်တော်မှ ထွက်ခွာတိမ်းရှောင်ခဲ့ကြရသည်။ အချို့မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ(ရှမ်းပြည်နယ်)သို့လည်းကောင်း၊ အချို့မှာ အောက်ပြည်အောက်ရွာသို့လည်းကောင်း ရောက်ရှိအခြေချနေထိုင်ခဲ့ကြသည်။ မဟာဂီတကို အသက်တမျှ မြတ်နိုးတွယ်တာကြသူ ရှေးဂီတပညာရှင်ကြီးများသည် ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံခဲ့ကြကာ မဟာဂီတကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။ ထို့ကြောင့်လည်း မဟာဂီတသည် မပျောက်မပျက် ယနေ့ထက်တိုင်ရှင်သန်နေခဲ့ခြင်းဖြစ်သည်။ မဟာဂီတပညာရှင်ကြီးများ၏ကျေးဇူးကား ကြီးမားလှပေသည်။

တစ်ချိန်က အခြေအနေအရ မန္တလေးနေပြည်တော်မှ ထွက်ခွာလာခဲ့ရသည့် ထို"မဟာဂီတ"သည် မည်သူတစ်ဦးတစ်ယောက်မျှ စဉ်းစားမိမည်မဟုတ်သော ယနေ့ပေါ်ထွန်းလာသည့် **"နေပြည်တော်"**သို့ တိုက်ဆိုင်စွာပြန်လည်ဆိုက်ရောက်လာခဲ့ပေပြီ။ အကယ်စင်စစ် **"မဟာဂီတ"**သည် သူ၏မူလဘူတနေရာမှန်ဖြစ်သော (ဝါ) သူ၏ ဘူမိနက်သန်ဖြစ်သော **"နေပြည်တော်"**သို့ ပြန်လည်ရောက်ရှိခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဤသို့ဖြစ်လာရခြင်း၏ အကြောင်းရင်းဇစ်မြစ်ကို စာကြောကြည့်လိုက်ပါလျှင် မျက်မှောက်ကာလ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ပေါ်ပေါက်လာသည့် "မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ"တို့၏ ကျေးဇူးကြောင့်ပင်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

၁၉၉၃ ခုနှစ်မှ စတင်ကျင်းပလာခဲ့သော "မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ"များကို ၂၀၀၅ ခုနှစ် (၁၃)ကြိမ်မြောက်အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။ ယခု ၂၀၀၆ ခုနှစ်တွင် ကျင်းပသော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို **"နေပြည်တော်"**သို့ ပြောင်းရွှေ့ကျင်းပခဲ့ခြင်းဖြစ်သည်။ **"မဟာဂီတ"**သည်လည်း သူနှင့် သဟဇာတဖြစ်သော သူ၏ဘူမိနက်သန်အမှန်ဖြစ်သော **"နေပြည်တော်"** သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်တော့သည်။ ဤပြိုင်ပွဲကာလအတွင်း၌ ထူးခြားတိုက်ဆိုင်သော ဖြစ်ရပ်အချို့ကိုလည်း စာရေးသူအနေဖြင့် အံ့သြစွာ တွေ့ရပြန်ပါသည်။

မဟာဂီတမြတ်နိုးသူ စာရေးသူအား သက်ဆိုင်ရာ တာဝန်ရှိသူ ဂီတပညာရှင်ကြီးများက ပတ္တလားပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်လူကြီးအဖြစ် ထည့်သွင်းခဲ့သဖြင့် လွန်ခဲ့သည့် ဒသမအကြိမ်မြောက် အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲမှ စတင်ကာ ဗဟိုအကဲဖြတ်ဒိုင်လူကြီးအဖြစ် တာဝန်ယူ ပါဝင်ဆောင်ရွက်ပေးခဲ့ရပါသည်။ ယခုလည်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဗဟိုအကဲဖြတ်ဒိုင်လူကြီးအဖြစ်ဆောင်ရွက်ရန် **"နေပြည်တော်"**သို့ ရောက်ရှိခဲ့ရပြန်သည်။ ယခုနှစ် **"နေပြည်တော်"** တွင် ကျင်းပသည့် (၁၄)ကြိမ်မြောက်

မဟာဂီတ မြတ်နိုးသူတစ်ဦး

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၅ရက် နံနက် ၇နာရီအချိန်တွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားအပြီး၌ နံနက် ၉ နာရီအချိန်မှစတင်ကာ သတ်မှတ်ပေးထားသော နေရာအသီးသီးတွင် ပြိုင်ပွဲများကို တစ်ပြိုင်နက်တည်း စတင်ပြုလုပ်ပါသည်။ ပထမဦးဆုံးနေ့တွင် ပတ္တလားအတီးပြိုင်ပွဲမရှိသေးသောကြောင့် စာရေးသူသည် မဟာဂီတရောင်းရင်းတစ်ဦးဖြစ်သူ ဗဟိုအကဲဖြတ်ဒိုင်လူကြီး ဦးမြသန်း (အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူး အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်) နှင့်အတူ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲသို့ သွားရောက်နားထောင် အားပေးကြပါသည်။ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်သတ်မှတ်ပေးထားသော သီချင်းကြီးသုံးပုဒ်အနက် ယှဉ်ပြိုင်ရန် မဲပေါက်သော သီချင်းအမည်မှာ "ဘုန်းမိုးသွန်းလောင်း" အစချီ ဘုန်းတော်ဘွဲ့သီချင်းခံ ဖြစ်ပါသည်။ စာရေးသူနှင့် အထူးတိုက်ဆိုင်မှုရှိနေသည်မှာ ဤသီချင်းခံသည် စာရေးသူအနှစ်သက်ဆုံးသော မဟာဂီတသီချင်းကြီးများအနက်မှ တစ်ပုဒ်အပါအဝင် ဖြစ်နေခြင်းပင်ဖြစ်သည်။

မဟာဂီတ ဝါသနာရှင် (ပထမတန်း) အမျိုးသား အဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးမင်းဟန် ပါဝင်သီဆိုယှဉ်ပြိုင်စဉ်။
(သတင်းစဉ်)

စာရေးသူသည် ဤသီချင်းကို အလွန်ကြိုက်နှစ်သက်ခဲ့သည်။ စာသားအဖွဲ့အနွဲ့များမှာ ခံ့ညားကောင်းမွန်သည်။ သံစဉ်တီးကွက်များအနေဖြင့်လည်း အလွန်လှပခံ့ညားသည်။ ဤသီချင်းကို ရေးသားသီကုံးသူမှာ ကုန်းဘောင်ခေတ် စာဆိုတော်တစ်ဦးဖြစ်သော မဟာနန္ဒယောဓာဘွဲ့ခံ ငယ်တိုးအတွင်းဝန် ဦးကျိုးပင်ဖြစ်သည်။ ဤသီချင်းတွင် စာဆိုရှင်သုံးနှုန်းထားသော အသုံးအနှုန်းများသည် အလွန်လှပခံ့ညားသည်။ သိပ်သည်းကျစ်လျစ်သည်။ ဖတ်ရှုလိုက်သည်နှင့် မင်းနှင့် မြန်မာ့ရွှေနန်းတော်တို့ကို မျက်စိထဲမြင်ယောင်လာစေတော့သည်။

စာရေးသူသည် ဤသီချင်းကို ကြိုက်နှစ်သက်သဖြင့် စာရေးသူ၏ ပတ္တလားသင်ဆရာ ဦးစိုးမြင့်လေး (မြန်မာ့ညွှန့်ဦးချစ်မောင်၊ ဝဏ္ဏကျော်ထင်ဒေါ်အောင်ကြည်တို့၏သားတပည့်အရင်း)ထံမှ ၁၉၆၆ ခုနှစ် အောက်တိုဘာလလယ်လောက်က ပတ္တလားသင်ယူခဲ့သည်ကို မှတ်မိနေပါသေးသည်။ စာရေးသူ မကွေးကောလိပ်သို့ နည်းပြဆရာ (ဒသဃနိကဗေဒ)အဖြစ်

မဟာဂီတ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်မှ အမျိုးသမီး အဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မဇင်သူမို့ ဤသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။
(သတင်းစဉ်)

ပြောင်းရွှေ့အမှုထမ်းဆောင်ရမည့်တစ်ပတ်အလိုတွင်ဖြစ်သည်။ အနှစ် ၄၀ တိတိ ကြာမြင့်ခဲ့ပြီဖြစ်သော ဤဘုန်းမိုးသွန်းလောင်းသီချင်းခံကို ယခု ၂၀၀၆ ခုနှစ် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကာလဖြစ်သည့် အောက်တိုဘာလလယ်လောက်တွင်ပင် တိုက်ဆိုင်စွာ ပြန်ကြားရခြင်းဖြစ်သည်။ ဤသီချင်းကို နားထောင်နေစဉ်အတွင်း၌ စာရေးသူမှာ မဖော်ပြနိုင်လောက်သော ကြည်နူးဝမ်းသာမှုတစ်ရပ်ကို ခံစားလိုက်ရပါသည်။

တစ်ဆက်တည်းမှာပင် နောက်ထပ်ထူးခြားသော ဖြစ်စဉ်များကို နောက်ပိုင်းပြုလုပ်သော အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲများတွင် ထပ်မံတွေ့ရှိရပြန်သည်။ နောက်ပိုင်းပြုလုပ်သော သီချင်းကြီးအဆိုပြိုင်ပွဲများနှင့် အတီးပြိုင်ပွဲတချို့တို့တွင် အလားတူ "ဘုန်းတော်ဘွဲ့သီချင်းခံ"များ ဆက်လက်မဲပေါက်ခဲ့သည်ကို တွေ့ရပြန်သည်။ ထိုသီချင်းများမှာ "ရွှန်းရွှန်းမြသီချင်းခံ"၊ "ထောင်ရောင်နေကသာ သီချင်းခံ"၊ "ဘုန်းထူးဝေဆာသီချင်းခံ"အစရှိသော ဘုန်းတော်ဘွဲ့သီချင်းခံများဖြစ်ကြသည်။ မဟာဂီတလောကတွင် လူသိများထင်ရှားသော သီချင်းများဖြစ်သည်။

"ဘုန်းတော်ဘွဲ့" တေးသီချင်းများသည် ဘုရင်မင်းမြတ်တို့၏ ဘုန်းတန်ခိုးကြီးမားပုံကို ဖွဲ့ဆိုသည်။ မင်းနေပြည်တော်နှင့် နန်းတော်များ၏ ထည်ဝါခမ်းနားပုံကိုလည်း ဖွဲ့ဆိုထားသည်။ နိုင်ငံတော် စည်ပင်ဝပြောအေးချမ်းသာယာပုံတို့ကိုလည်း ဖွဲ့ဆိုထားသည်။ အထက်ဖော်ပြပါ ဘုန်းတော်ဘွဲ့သီချင်းခံများတွင် ဤအချက်အလက်များကို တွေ့မြင်နိုင်ပါသည်။

"မဟာဂီတ"သည် ဝေဆာစည်ပင်ရန် အတိတ်ထူး နိမိတ်ထူးများပြနေပါသည်။ ထိုနည်းအတိုင်းပင် **"နေပြည်တော်"**သည်လည်း ဝပြောသာယာလာတော့မည့် အတိတ်ထူး နိမိတ်ထူးများ ပြသနေပါသည်။ "ရေမြင့်ကြာတင့်"ဆိုသည့် မြန်မာ့ဆိုရိုးအတိုင်း "နေပြည်တော်" သာယာလာသည်နှင့်အမျှ "မဟာဂီတ"သည်လည်း ဝေဆာလာတော့မည်မှာ အမှန်ပင် ဖြစ်သည်။

"နေပြည်တော်"လည်း၊ ဝပြောသာယာလာပါစေ-
"မဟာဂီတ"လည်း စည်ပင်ဝေဆာလာပါစေ ဟု ဆုမွန်ပြုလိုက်ရပေသည်။ ။

လက်ဆင့်ကမ်းအမွေ ဝေငှသည့်ပွဲ

* မိဘဘိုးဘွား၊ တန်ဖိုးထားသည့်
အမျိုးသားမွေနှစ်၊ ရွှေအစစ်ကို
ဖွေလှစ်သိမ်းမှ၊ မတိမ်းရအောင်
ထိန်းကြမြှင့်တင်၊ သမိုင်းဝင်ပြီး
တိုင်းခွင်ပြည်နှံ့၊ ဝဲချီးပျံ့လို့
ခံ့ညားထည်ဝါ၊ မျိုးမြန်မာ၏
ရိုးရာယဉ်ကျေးမှု၊ သဘင်တေးနုကို
ရှေးရှုခိုင်မြဲ၊ အနိုင်ကြဲမည့်
ပြိုင်ပွဲကြီးမဟာ၊ ဂုဏ်ပြုပါသည်
မြန်မာအလှ၊ ကမ္ဘာပြကြစို့ ...။

* အဆို၊အက၊အရေး၊အတီး ရှေးခရီးမှ
ဝေးကြီးသယ်လှမ်း၊ လက်ဆင့်ကမ်းလို့
ပွင့်လန်းချစ်ခင်၊ ခေတ်အစဉ်မှာ
သစ်လွင်တောက်ပ၊ မပျောက်ရအောင်
ဇောက်ချအားသွန်၊ များတာဝန်တည့်
သားမွန်မြေးမြစ်၊ အတွေးသစ်ဖြင့်
ရေးရစ်သမိုင်း၊ ဒို့ချစ်တိုင်းပြည်
ယှဉ်နှိုင်းလာကြည့်၊ မျိုးဇာတိနှင့်
မာသည့်စိတ်ဓာတ်၊ ဂုဏ်ဟိတ်မြတ်ပုံ
ဇာတ်စုံခင်းကျင်း၊ ဖော်ဆောင်နှင်းသည့်
အောင်ခြင်းပြိုင်ကဲ၊ သည်ပြိုင်ပွဲသည်
ခိုင်မြဲကမ္ဘာတည်စေသတည်း။ ။

ပျဉ်းမနားမြင့်လှိုင်

မြန်မာ့ရုပ်မြင်သံကြား

၂၈-၁၀-၂၀၀၆ ရက်
(စနေနေ့)
၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (ဥပုသ်နေ့) နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ လဂွမ်းပြင်ရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၅ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၀၅ ၇။ **"စက်မှုဖွံ့ဖြိုး ဒို့တိုင်းပြည်အကျိုး"** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)
၁၃:၃၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၁၃:၄၅ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၀၀ ၁၀။ စိမ်းလန်းစိုပြည် အပူပိုင်းဒေသနယ်မြေ
၁၄:၁၅ ၁၁။ အဆိုပြိုင်ပွဲ
၁၄:၂၅ ၁၂။ **"ပေါင်ပေါ်ကျတဲ့မီး"** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၄:၃၅ ၁၃။ အကပြိုင်ပွဲ
၁၄:၄၅ ၁၄။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇:၁၀ ၆။ တေးဂီတအစီအစဉ်
၁၇:၂၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၄၀ ၈။ "သာမောတင့်တယ် ကွမ်ရှီပြည်နယ်၊ သဘာဝစံထား သာဓေ အလှများ"
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
၁၉:၀၀ ၁၂။ Discovery
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း-၁၉)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၃၁)
၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

28-10 (10) 1 10/28/06, 1:43 AM

သဲအင်းဂူ အဓိဋ္ဌာန် ငါးရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၂၇

မြောက်ဥက္ကလာ ဝေဘာဂီမြို့သစ် (၁)ရပ်ကွက် အနော်ရထာလမ်း ငွေပေါ်ကျွန်းစခန်း ဓမ္မဗိမာန်တော်ကြီးတွင် မူလ သဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ငါးရက်စခန်း ဖွင့်လှစ်မည် ဖြစ်သည်။ စခန်းတွင် ငွေပေါ်ကျွန်း ဗုဒ္ဓရူပ တောင်စွန်းဆရာတော် အရှင်စန္ဒသူရိယ မဟိဒ္ဓိအရှင်သူမြတ်က ခန္ဓာကိုယ်တွေ့သမထ ဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည် ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများသည် အောက်တိုဘာ ၃၁ ရက် (အင်္ဂါနေ့) ညနေအရောက် လာရောက်ကြပါရန်နှင့် ဘီအီးဒီသင်္ကြန် အဓိဋ္ဌာန်ဝင်ယောဂီများအဖွဲ့ ဖုန်း ၀၉ ၈၀–၃၀၅၉၈၊ ၂၄၁၈၂၆၊ လှိုင်ထိပ်ထား ယုဇနပလာဇာ မြေညီထပ် W/၁၈၊ W/၁၉ ဖုန်း–၂၀၀၇၄၇၊ ၁၇၇၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြိတ်မြို့ ရတနာ့ဂုဏ်ရည် ဘုံကထိန်တရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၇

ဦးသောင်းလွင်–ဒေါ်ထွန်းရွှေနှင့် ဦးရင်မာတို့အား ရည်စူး၍ ဒေါ်စိုးခင်အားအမှူးထားပြီး အောက်တိုဘာ ၂၉ ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် မြိတ်မြို့ ရွှေပေးလမ်းမကြီးပေါ်ရှိ ရတနာ့ဂုဏ်ရည်ရိပ်သာ၌ကျင်းပမည့်ကိုမြင့်ဦး–မခင်မာဝင်းတို့၏ ကထိန်အလှူပွဲ၌ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မဟာစည် ဩဝါဒါစရိယ ဆရာတော်ကြီးကိုယ်တိုင် ရေစက်ချ ကထိန်အနုမောဒနာ တရားတော်များ ချီးမြှင့်ဟောကြားမည်ဖြစ်ရာ အလှူရှင်အပေါင်း တို့အား ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

စက်ရှင်တရားသူကြီး ဦးဘိုအုန်းအား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် ၆ မိုင် (၁၀)ရပ်ကွက် ဓမ္မာရုံလမ်းမကြီး အမှတ် (၁၉/စီ)နေ ဆရာမကြီး ဒေါ်ခင်စိန်နှင့် သမီး ချိုမာလာ၊ သား– ကိုနိုင်အုပ်–မ အေး အေး ခိုင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်း၊ စစ်ကိုင်း ဝါးချက်လမ်းအတွက်ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ်၁၀သိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တ ဇဋိလထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ဝန်ဖိုက်တံတားဖွင့်ပွဲကျင်းပ

မအီမြို့မှတစ်ဆင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းသို့ အလွယ်တကူသွားလာနိုင် ရေထွက်ပစ္စည်းနှင့် သီးနှံများ ဈေးကွက်သို့အချိန်မီပို့ဆောင်နိုင်ပြီ

ရန်ကုန် အောက်တိုဘာ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဝန်ဖိုက်တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့က တောင်ကုတ်–မအီ–ကျောက်ဖြူလမ်း မိုင်တိုင် ၆၄ မိုင် ၁ ဖာလုံ၌ ဝန်ဖိုက်ချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ဝန်ဖိုက်တံတားဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါတံတားအနီးရှိ တံတားဖွင့်ပွဲမင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရခိုင်မင်္ဂလာစည်တော်အက အဖွဲ့ဝင်များ၊ ကဗျာလွတ်အကအဖွဲ့ဝင်များ၊ ရခိုင်ရိုးရာအကအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားပြည်သူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တောင်ကုတ်–မအီ–ကျောက်ဖြူလမ်း၌ တည်ဆောက်ပြီးစီးသွားသော ဝန်ဖိုက်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးပေါ်၌ တံတားကြီး ၁၀စင်းရှိသည့်အနက် မအီတံတား၊ ကျောက်ကြီးပေါက်တံတား၊ စနဲပေါက်တံတား၊ ဒီးဒုတ်ပေါက် တံတား၊ လုံးတော်ပေါက်တံတား၊ သံသမကြီးတံတား၊ သံသမချေတံတား၊ သဇင်တန်ပေါက်တံတား၊ မင်းကြောင်းချောင်းတံတား စသည့် တံတားကြီးကိုးစင်းကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုဖွင့်လှစ်သည့် ဝန်ဖိုက်ချောင်းတံတားသည် ဒသမမြောက်ဖွင့်လှစ်နိုင်သည့် တံတားကြီးဖြစ်ပြီး ရခိုင် ပြည်နယ်အတွင်း စီမံကိန်းဝင်တံတားကြီးများအနက် ၃၅ စင်းမြောက်လည်း ဖြစ်ကြောင်း။

တိုးတက်ကောင်းမွန်လာ

ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် ရခိုင်ရိုးမ အကြားတည်ရှိပြီး အခြားသော ပြည်နယ်များနှင့်တိုင်းများ ဆက်သွယ်သွားလာရာတွင်လည်းကောင်း၊ပြည်နယ်အတွင်း ခရိုင်နှင့် မြို့နယ်အသီးသီး အကြား ဆက်သွယ် သွားလာရာတွင် လည်းကောင်း ခက်ခဲလှသည့်အတွက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်စီမံမှုဖြင့် ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် ယခင်က ရေလမ်းနှင့် လေကြောင်းလမ်းများဖြင့်သာ အဓိကထားပြီး ကျန်ပြည်နယ်နှင့် တိုင်းများကို ဆက်သွယ်သွားလာနေခဲ့ကြရကြောင်း၊ ယခုဆိုလျှင် ရခိုင်ပြည်နယ်ကို ဝင်ပေါက်ကြီး သုံးပေါက်အနေဖြင့် ရန်ကုန်–စစ်တွေလမ်း၊ ရန်ကုန်–ကျောက်ဖြူလမ်း၊ ငသိုင်းချောင်း–ဂွလမ်းတို့ ရှိလာပြီ ဖြစ်ကြောင်း။

တိုးမြှင့်ဆောင်ရွက်

ယခုကဲ့သို့ ရခိုင်ပြည်နယ် အတွင်း အဓိက အသက်သွေးကြော ဖြစ်သည့် ဆက်သွယ်ရေး လမ်းမကြီးများ ပေါ်ပေါက်လာသည်နှင့်အမျှ ရခိုင်ပြည်နယ်၏ အဓိက စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သည့် ဆန်၊ စပါးစိုက်ပျိုးရေး၊ နှစ်ရှည်သီးနှံများဖြစ်သော ငရုတ်ကောင်း၊ ရော်ဘာ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားခြင်းဖြင့် ထွက်ကုန်များကို ထိရောက်စွာ ကုန်သွယ်မှုပြုနိုင်တော့မည် ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသတွင်း စီးပွားရေး တိုးတက်လာစေရေး အတွက် စိုက်ပျိုးရေးနှင့် သားငါးကဏ္ဍတို့ကို လျာထားချက်ပြည့်မီရေး၊ လူမှုရေးကဏ္ဍမှ ပညာရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ပြည့်စုံကောင်းမွန်

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိပြီး ထိုသို့ ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်လူမှုရေးကဏ္ဍဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။ ထိုသို့ တိုးတက်စေရန် အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်ရမည် ဖြစ်သည့်အတွက် ယခုကဲ့သို့ လမ်းတံတား၊ ဆည်မြောင်း တာတမံနှင့် ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများကို ပြည်သူလူထု လိုအပ်ချက်များနှင့်အညီ တိုးတက် တည်ဆောက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတား တည်ဆောက်ပေးရခြင်းနှင့် တံတား ဆောက်လုပ်ရေးလုပ်ငန်း တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်ကြီး၌ ကဏ္ဍစုံအားလုံး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကကျသည့် အခြေခံ အဆောက်အအုံဖြစ်သော လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် လမ်းနှင့်တံတားများကို တိုးချဲ့တည်ဆောက်ရသည့် တာဝန်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အများဆုံး တာဝန်ယူဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးနေရသည့် တံတားများမှာ ပေ ၁၈၀ နှင့် အထက်တံတားများကို တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ဝန်ဖိုက်တံတားအပါအဝင် ဆောက်လုပ်ရေးက၁၉၉စင်း၊တပ်မတော်က၁၁ စင်း၊ ရထားပို့ဆောင်ရေးက ခုနစ်စင်းနှင့် လျှပ်စစ်စွမ်းအားက နှစ်စင်း စုစုပေါင်း ၂၁၉ စင်း ဖြစ်ကြောင်း။

၁၉၉၈ ခုနှစ် မတိုင်မီကာလအထိ တည်ဆောက်ပြီး ပေ ၁၈၀နှင့် အထက် တံတားပေါင်း ၁၉၈ စင်းနှင့် ရခိုင်ပြည်နယ်အတွင်း၌ ၁၁ စင်းသာ ရှိခဲ့ရာမှ ယနေ့ဆိုလျှင် ယခုဖွင့်လှစ်သည့် တံတားကြီးအပါဝင် ၄၆ စင်း ၊ ပေ ၁၀၀ မှ ပေ ၁၈၀ အထိ တံတား ၃၈ စင်း၊ ပေ ၂၀ မှ ပေ ၁၀၀ အထိ တံတား ၂၂၀ စင်းတို့ကို တည်ဆောက်ပေးပြီး ဖြစ်ကြောင်း။

လမ်းအပိုင်းတွင်လည်း ၁၉၈၈ ခုနှစ်အထိ တစ်နိုင်ငံလုံး လမ်းမိုင်အရှည် ၁၃၆၃၅ မိုင် ရှိခဲ့ရာက ယနေ့ဆိုလျှင် လမ်းမိုင်အရှည် ၁၉၀၂၀/၆ မိုင်ရှိလာပြီး ဖြစ်သည့်အတွက် ၅၃၈၅/၆ မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်၌ ၁၉၈၈ ခုနှစ်အထိ လမ်းမိုင် ၄၄၈ မိုင်ရှိခဲ့ရာက ယနေ့ဆိုလျှင် ၉၇၀/၇ မိုင်ရှိလာပြီး ၅၂၂/၇ မိုင်အထိ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အကောင်အထည်ဖော်

မအီ– ကျောက်ဖြူလမ်းပေါ်ရှိသည့် မအီတံတားမှ မင်းကြောင်းတံတားအထိ တံတားပေါင်း ၁၀စင်း တည်ဆောက်မှုကို ၂၃–၃–၁၉၉၉ ရက်နှင့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကို၁–၁၂–၂၀၀၁ ရက်တို့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖွင့်လှစ်ပေးခဲ့ကာ ၁၀ စင်းမြောက် ဝန်ဖိုက်တံတားကို ယခုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

မကြာမီ ရခိုင်ပြည်နယ်အတွက် ကျောက်တန်းတံတားကို ဖွင့်လှစ်နိုင်အောင်ဆောင်ရွက်ပေးနေကြောင်း။

အကုန်အကျခံတည်ဆောက်

၎င်းတံတားကြီးကို ပြည်တွင်းငွေကျပ်သန်းပေါင်း ၁၈၄၄သန်းနှင့် နိုင်ငံခြားငွေဒေါ်လာ ၀ ဒသမ ၂၈၃၇ သန်း အကုန်အကျခံတည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

တည်ဆောက်ပေးခဲ့ပြီး လမ်းတံတားများ ရေရှည်အသုံးပြုနိုင်အောင် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူ ဦးအောင်တင်သိန်းက တံတားကြီးတည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့သည် တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်မည့်မုခ်ဦးသို့သွားရောက်နေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူး၊ ဝန်ကြီးနှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မော်သိမ်းတို့က ဖဲကြိုးဖြတ်၍ ဝန်ဖိုက်တံတားကို ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်ပရိသတ်တို့နှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ဝန်ဖိုက်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြ၍ တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝန်ဖိုက်တံတား၏ တံတားအမျိုးအစားမှာ အောက်ထည်သံကူကွန်ကရစ်ဘိုးပိုင် အုတ်မြစ်၊ အပေါ်ထည်မှာ သံမဏိသံပေါင် သံကူကွန်ကရစ် ဖြစ်ပြီး တံတားအရှည်မှာ စုစုပေါင်း ၈၂၇ ပေ ၃ လက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ ပေ၊ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီဖြင့် နှစ်ဖက်ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၁၀၀၊အမြင့်၁၄ ပေနှင့် တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ ဖြစ်သည်။

လူနေမှုအဆင့်မြင့်မား

၎င်းတံတားကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ပြည်သူများအနေဖြင့် မအီမြို့က တစ်ဆင့် တောင်ကုတ်–သံတွဲ–ဂွ–ငါးသိုင်းချောင်းလမ်းအတိုင်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းသို့ လည်းကောင်း၊ မအီ–အမ်းလမ်းမှတစ်ဆင့် စစ်တွေမြို့သို့လည်းကောင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့သို့ လည်းကောင်း မော်တော်ကားဖြင့် အလွယ်တကူ သွားလာနိုင်ပြီး ရခိုင်ပြည်နယ်မှ ထွက်ရှိသော ရေထွက်ပစ္စည်းနှင့် အခြားသီးနှံများကိုပါ ဈေးကွက်သို့ အချိန်မီလွယ်ကူစွာပို့ဆောင်နိုင်ပြီဖြစ်၍ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ကျန်းမာရေးတို့တွင်မက လူနေမှုအဆင့်အတန်းပါ တိုးတက်မြင့်မားလာကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

28-10 (11) 1 10/28/06, 1:43 AM

အမွေခံထိုက်စေအမျိုးသားစာပေ အခြားဆောင်းပါးများစာအုပ်ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၇

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)က နောင်လာနောက်သား မျိုးဆက်သစ်တို့ အမျိုးကိုချစ်စိတ်၊ အမျိုးသားစာပေကို ချစ်မြတ်နိုးစိတ်၊ လက်ဆင့်ကမ်းသမိုင်းပေး စာပေတာဝန်များကို ထမ်းရွက်လိုစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ နေ့စဉ်ထုတ်သတင်းစာများတွင် ရေးသားခဲ့သော စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများကို စုစည်းပြီး အမွေခံထိုက်စေ အမျိုးသားစာပေနှင့် အခြားဆောင်းပါးများ **(အောက်ပုံ)** စာအုပ်အဖြစ် ဦးတင်စိုး တက္ကကူးစာပေ တိုက် ၁ အခန်း ၄၀၁ ဆင်မင်းအိမ်ရာ အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၆၄၁၅၉၇က ရိုက်နှိပ်ထုတ်ဝေကြောင်းသိရသည်။ **(သတင်းစဉ်)**

ထစ်ချုန်းမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) လှူ့ဆော်ရေးမြေစိုက်ပိုစတာများ ဖွင့်ပွဲအခမ်းအနားများ နေပြည်တော်၌ကျင်းပ

နေပြည်တော် အောက်တိုဘာ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် လှူ့ဆော်ရေး မြေစိုက်ပိုစတာများ ဖွင့်ပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော်နယ်မြေတာဝန်ခံ ဦးသိန်းဆွေ၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်များမှ ပြည်ထောင် စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊အသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်၊ ကျေးရွာ များမှ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) လှူ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲအခမ်းအနားကို နံနက်၈နာရီတွင် နေပြည်တော် သပြေကုန်းအဝိုင်းကြီးအနီး၌ ကျင်းပရာ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင်များ ဖြစ်ကြသော ပျဉ်းမနားမြို့နယ်မှ မအိပွင့်ဖြူမြင့်သိန်းနှင့် တပ်ကုန်းမြို့နယ်မှ မခင်ဝါဝါလှိုင်တို့က ဖဲကြိုးဖြတ်၍ လှူ့ဆော်ရေးမြေစိုက်ပိုစတာကို ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) လှူ့ဆော်ရေး မြေစိုက်ပိုစတာ ဖွင့်ပွဲအခမ်းအနားကို နံနက်၉နာရီတွင် လယ်ဝေးမြို့ သီရိမင်္ဂလာ ဈေးအနီး၌ ကျင်းပရာ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးရှင် လယ်ဝေးမြို့နယ်မှ မောင်ကျော်လင်းပိုင်က ဖဲကြိုးဖြတ်၍ လှူ့ဆော်ရေး မြေစိုက်ပိုစတာကို ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း ချက်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၈

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင်ကျရောက်သော ချက်သမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလက်ဇန္ဒား၊ဗွန်ဒရာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံယူနန်ပြည်နယ်မှ မူးယစ်တရားခံပြေးတစ်ဦး လားရှိုးမြို့နယ်၌ ဖမ်းဆီးရမိ တရားခံပြေးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲတပ်ဖွဲ့တို့သည် မူးယစ်တရားခံပြေးတစ်ဦးအား ပူးပေါင်းဖော်ထုတ်ဖမ်းဆီးပြီး တရုတ်နိုင်ငံသား တရားခံအား အောက်တိုဘာ ၂၅ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

အမှုဖြစ်စဉ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဌာနမှ တာဝန်ရှိသူများသည် ယူနန်ပြည်နယ်၌ အက်ဖီဒရင်း ၂၁၂၆ ဒသမ ၆ကီလိုနှင့် တရားခံသုံးဦးအား ဩဂုတ် ၃၀ရက်တွင် လည်းကောင်း၊ မူးယစ်ဆေးဝါး ၄၃၀ ဒသမ ၂ကီလို၊ ဓာတုပစ္စည်းများနှင့် တရားခံ ၁၆ ဦးအား စက်တင်ဘာ ၁၈ ရက်တွင် လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများအား စစ်ဆေးဖော်ထုတ်ချက်အရ ထိုမူးယစ်ဆေးဝါးဖမ်းဆီးရမိမှု နှစ်မှုစလုံးတွင် ပါဝင်ပတ်သက်လျက်ရှိသော အရေးကြီးအမျိုးသမီးတရားခံ Bi Yongmei ဆိုသူသည် မြန်မာနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင် လွတ်မြောက်နေကြောင်း သိရှိရသဖြင့် မြန်မာ–တရုတ်နှစ်နိုင်ငံ သတင်းဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှုကြောင့် တရားခံပြေးအမျိုးသမီးအား လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအုပ်စု ကုန်းဘောင်ရွာနေ ဦးလီဆန်း၏နေအိမ်၌ အောက်တိုဘာ၁၅ရက် ညနေ ၃ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ကြောင်း။

တရားခံပြေးအမျိုးသမီး Bi Yongmei အားစစ်ဆေးချက်အရ ၎င်းသည် Bi Yongmei (ခေါ်) ဟွာယောင်မေ(ခေါ်)တိယောင်မေဖြစ်ကြောင်း ၎င်းအားယူနန်ပြည်နယ်ရှိ ကျေးရွာတစ်ရွာ၌ ၁၉၇၉ ခုနှစ် ဇူလိုင်၂၃ရက်တွင် မွေးဖွားခဲ့ပြီး ၂၀၀၄ခုနှစ်တွင် တရုတ်နိုင်ငံသား ကျန်ကြီးရန်နှင့် အိမ်ထောင်ကျကာ ယူနန်ပြည်နယ်၌ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးအမှု နှစ်မှုစလုံးတွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူဆယ်ခရိုင်ရဲမှူးစိန်ဝင်းဦးစီးအဖွဲ့က တရားခံပြေး Bi Yongmei အား အောက်တိုဘာ ၂၅ ရက် နံနက် ၉နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ ပြည်ပရေးရာဌာနမှူး မစ္စတာယူဘင်းနှင့် အဖွဲ့ထံ မြန်မာ–တရုတ် နယ်စပ်ဂိတ်၌ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လက်မှတ်ရေးထိုး လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အမေရိကန်၏အာဏာဖြင့် ဖိနှိပ်သည့်နိုင်ငံရေးလုပ်ဆောင်ချက် မြန်မာ့ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်းဖြစ်၍ကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) (ကိုးကန့်) အုပ်ချုပ်ရေးကော်မတီက သဘောထားထုတ်ပြန် ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထား ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

မြန်မာနိုင်ငံရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)(ကိုးကန့်) အုပ်ချုပ်ရေးကော်မတီ၏ ထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်

၁။ မကြာမီရက်ပိုင်းအတွင်း နိုင်ငံတကာသတင်းမီဒီယာများအရ အမေရိကန်နိုင်ငံသည် လူ့အခွင့်အရေး ဒီမိုကရေစီရေးကိုဗန်းပြကာ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လွတ်လပ်မှုကို ဆန့်ကျင်ချိုးဖောက်နေပါသည်ဟု အကြောင်းပြ၍ မြန်မာနိုင်ငံအခြေအနေအား ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တင်ပြခဲ့ကြောင်း သိရှိရပါသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအား တစ်ဆင့်တိုး၍ စီးပွားရေးနှင့်နိုင်ငံရေးအရ ပိတ်ဆို့တားဆီးအရေးယူရန်ဖြစ်ပါသည်။ ထိုလုပ်ဆောင်မှုအတွက် ကျွန်တော်တို့အနေဖြင့် လွန်စွာစိတ်မကောင်းဖြစ်မိကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကန့်ကွက်ကြောင်း မိမိတို့၏ အမြင်နှင့်သဘောထားကို ဖော်ပြအပ်ပါသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခေတ်မီတိုးတက်ပြီး ဒီမိုကရေစီထွန်းကားသည့် ဦးတည်ချက်သို့ လျှောက်လှမ်းလျက်ရှိပါသည်။ ဘက်စုံကဏ္ဍစုံတွင် တိုးတက်ပြောင်းလဲမှုများရှိနေပါသည်။

(ခ) မြန်မာနိုင်ငံအစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ သစ်လွင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားများသွေးစည်းညီညွတ်ရေးစသည့်ကဏ္ဍများတွင်လည်း တက်ကြွသည့် အကျိုးသက်ရောက်မှုများ ရရှိနေပါသည်။

(ဂ) အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ အခြေအနေများကို အသေးစိတ် စုံစမ်းလေ့လာမှု မရှိဘဲ လုံခြုံရေးကောင်စီကို အသုံးချ၍ ကျွန်တော်တို့နိုင်ငံအား ပိတ်ဆို့တားဆီးမှုဆောင်ရွက်လိုသည့် ကြံရွယ်ချက်သည် သမိုင်းဘီးကို နောက်ပြန်ဆွဲခြင်းသာဖြစ်ပါသည်။

၂။ ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် အောက်ပါအတိုင်းတည်ကြည်လေးနက်စွာ ထုတ်ပြန်ကြေညာအပ်ပါသည်–

(က) ကျွန်တော်တို့သည် မည်သည့်သဏ္ဍာန်မျိုးဆောင်သည့် အာဏာကြမ်းဖြင့် ဖိနှိပ်သည့်နိုင်ငံရေးကိုမဆို ဆန့်ကျင်ပါသည်။ နိုင်ငံတော်၏ လက်ရှိကာလတွင် ငြိမ်းချမ်းရေး ဒီမိုကရေစီရေး၊ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးဆိုသည့် သတ်မှတ်ချက်အသစ်ကို သဘောတူထောက်ခံအပ်ပါသည်။

(ခ) ကျွန်တော်တို့သည် နိုင်ငံတော်အစိုးရမှ ချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါးဟူသည့် အထွေထွေလမ်းစဉ်အတိုင်း နိုင်ငံတော်နှင့်အတူ ရှေ့သို့ ချီတက်သွားပါမည်။ နိုင်ငံတော်အား ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီကျသည့် နိုင်ငံတော်သစ်တည်ဆောက်ဖြစ်မြောက်ရေးအတွက် တတ်အားသရွေ့ ကြိုးစားလုံးပန်းသွားပါမည်။

(ဂ) အမေရိကန်နိုင်ငံ၏ အာဏာကြမ်းဖြင့်ဖိနှိပ်သည့် နိုင်ငံရေးလုပ်ဆောင်ချက်ဖြင့် ကျွန်တော်တို့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းကို ပြင်းပြင်းထန်ထန်ကန့်ကွက်ပါသည်။

ဥက္ကဋ္ဌ
ဦးဖုန်ကြားရှင်

ကမ္ဘာတစ်လွှား အားကစား

မာရာဒိုနာအား နည်းပြလုပ်ရန် ဟွန်ဒူးရပ်စ်အသင်းက ဖိတ်ခေါ်

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ဘူနို့စ်အဲစ် အောက်တိုဘာ ၂၇

အာဂျင်တီးနား ဂန္ထဝင်ဘောလုံးသမား မာရာဒိုနာအား ဟွန်ဒူးရပ်စ်ဘောလုံးအသင်း နည်းပြအဖြစ် လုပ်ဆောင်ပေးရန် ၎င်းဘောလုံးအသင်းက ဖိတ်ခေါ်ထားသည်။

အာဂျင်တီးနား ဂန္ထဝင် ဘောလုံးသမား မာရာဒိုနာ။
(ဓာတ်ပုံ-အင်တာနက်)

လိုလားလျက်

အဆိုပါ ဘောလုံးအဖွဲ့ချုပ်က မာရာဒိုနာအား ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ရန် ဟွန်ဒူးရပ်စ်အသင်းကို ဦးဆောင်ကိုင်တွယ်ပေးရေးအတွက် လိုလားလျက်ရှိသည်။

အာမခံကြောင်း

မိမိတို့သည် ၎င်းကိစ္စနှင့် ပတ်သက်၍ မာရာဒိုနာ၏သဘောထားကို သိလိုကြောင်း၊ စီးပွားရေးအရလည်း စာချုပ်ချုပ်ဆိုလိုကြောင်း ဟွန်ဒူးရပ်စ်ဘောလုံးအသင်း ဥက္ကဋ္ဌ ရာဖေးလ်လီယိုနာဒိုကယ်လီဂျက်က ပြောကြားသည်။ တစ်ဖန် မာရာဒိုနာကလည်း ဆွေးနွေးမှုများသဘောတူညီမှုရခဲ့လျှင် အရာရာဖြစ်နိုင်ကြောင်း ပြောကြားသည်။ မိမိအနေဖြင့် ဟွန်ဒူးရပ်စ်အသင်းကို အသင်းကောင်းတစ်သင်းဖြစ်လာရန် အာမခံကြောင်း၊ လူအများက ဟွန်ဒူးရပ်စ်အသင်းကို အသင်းကောင်းဖြစ်သည်ဆိုတာလည်း မိမိအားပြောကြားထားခဲ့ပြီးဖြစ်ကြောင်း ၁၉၈၆ခုနှစ်က အာဂျင်တီးနားအသင်းနှင့်အတူ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့သည့် မာရာဒိုနာက ပြောကြားသည်။ **(အင်တာနက်)**

ဝက်စ်ဟမ်းအသင်းကို ဆက်သွယ်ခဲ့သည်ဆိုမှု အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်ငြင်းဆို



အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် အောက်တိုဘာ ၂၇

အင်္ဂလန်နည်းပြဟောင်းအဲရစ်ဆင်သည် လာမည့် ဝက်စ်ဟမ်းအသင်းနည်းပြတာဝန်ထမ်းဆောင်ရန် ဆက်သွယ်ခဲ့သည်ဆိုခြင်းကို အဲရစ်ဆင်၏ ကိုယ်စားလှယ်က ငြင်းဆိုခဲ့သည်။

လုံးဝမမှန်ကန်

အဆိုပါကိစ္စနှင့် ပတ်သက်၍ လုံးဝမမှန်ကန်ကြောင်း၊ ဝက်စ်ဟမ်းကလည်း နည်းပြလုပ်ရန် ကမ်းလှမ်းမှုမရှိကြောင်း အဲရစ်ဆင်၏ အေးဂျင့်အက်ဟိုးက ပြောခဲ့သည်။ အဲရစ်ဆင်သည် ဇူလိုင်လက အင်္ဂလန် နည်းပြအဖြစ်မှ အနားယူခဲ့ပြီးနောက် နည်းပြပြန်လုပ်ရန် အသင့်အနေထားရှိနေသည်ဟူ၍ ၎င်း၏အေးဂျင့်က ပြောကြားသည်။ အီရန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက စက်တင်ဘာလတွင် ဝက်စ်ဟမ်းအသင်းကို ဝယ်ယူရန် စိတ်ဝင်စားကြောင်းကြေညာခဲ့ကြောင်း၊ သို့သော်လည်းယခု အထိဝယ်ယူရေးကိစ္စမှာ မအောင်မြင်သေးကြောင်းသိရသည်။ **(အင်တာနက်)**

လီဗာပူးကွင်းလယ်ကစားသမားကီးဝဲလ် ၂၀၀၇ခုနှစ် နှစ်ဆန်းပိုင်းအထိပြန်မကစားနိုင်

လန်ဒန် အောက်တိုဘာ ၂၇

လီဗာပူးကွင်းလယ်ကစားသမား ဟာရီကီးဝဲလ်သည် ခြေထောက်နှင့် ပေါင်ခြံကြွက်သား ခွဲစိတ်ခံထားရမှုကြောင့် အနည်းဆုံး နောက်ထပ်လေးလနှင့် ပြန်ကစားနိုင်လိမ့်မည်မဟုတ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

လီဗာပူး ကွင်းလယ်ကစားသမား ကီးဝဲလ်။
(ဓာတ်ပုံ-အင်တာနက်)

ပြန်မကစားနိုင်

အသက်၂၈နှစ်ရှိကီးဝဲလ်သည် သြစတြေးလျအသင်းနှင့်အတူ ဇွန်လက ကမ္ဘာ့ဖလားတွင် ပါဝင်ကစားခဲ့စဉ်က ဒဏ်ရာရရှိခဲ့၍ ယခုအထိပြန်မကစားနိုင်ခဲ့ပေ။

ကုသခံယူ

၎င်းသည် ဘယ်ဘက်ခြေထောက်တွင် ဒဏ်ရာရခဲ့ရာ၌ ဘက်တီးရီးယားပိုးဝင်ခဲ့၍ လွန်ခဲ့သောလက သြစတြေးလျသို့ပြန်လာပြီး အထူးကုနှင့်ကုသမှုခံယူလျက်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပေါင်ခြံကြွက်သားခွဲစိတ်ပြီးနောက် အားလုံးပြန်ကောင်းရန် စောင့်ဆိုင်းနေသည်။ ကီးဝဲလ်သည် ၂၀၀၃ခုနှစ်က လီဗာပူးအသင်းသို့ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည်၂၀၀၇ခုနှစ် နှစ်ဆန်းပိုင်းတိုင်အောင် ပြန်ကစားနိုင်လိမ့်မည်မဟုတ်ဟုဆိုသည်။ **(အင်တာနက်)**

ဝစ်ဆလာကရာကော နောက်တန်းလူ ဘလက်ဘန်း၏တိုက်တန်းမှုကြောင့် ငါးပွဲအပိတ်ခံရ

လန်ဒန် အောက်တိုဘာ ၂၇

ဝစ်ဆလာကရာကော နောက်တန်းကစားသမား နီကိုလာမီဂျေးလိုဗစ်အား ဘလက်ဘန်း တိုက်စစ်မှူး မက်ကာသီအား ဆဲရေးတိုင်းထွာခဲ့၍ ယူအီးအက်ဖ်အေက ငါးပွဲပိတ်ပင်လိုက်သည်။

ဘလက်ဘန်းတိုက်စစ်မှူး မက်ကာသီ။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါနှစ်သင်းသည် အောက်တိုဘာ ၁၉ရက်က ယှဉ်ပြိုင်ကစားခဲ့စဉ် ဆားဘီးယားမှ မီဂျေးလိုဗစ်ကဆဲရေးခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အဆိုပါ နောက်တန်းကစားသမားက အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိထားသည်။ အသက် ၂၄နှစ်ရှိ ၎င်းနောက်တန်းကစားသမားအား ဘလက်ဘန်းအသင်းကတရားစွဲဆိုခဲ့သည်။

မီဂျေးလိုဗစ်က ထိုစွပ်စွဲချက်များကို ငြင်းဆိုလိုက်ပြီး အောက်တိုဘာ ၃၀ရက်တိုင်အောင်အယူခံသွားမည်ဟုဆိုသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ

ယခုနှစ်တွင် ဖလားလေးလုံးရခဲ့သည့် ရှာရာပိုဗာနိုင်ပွဲများဆက်၍ အောင်ပွဲခံ

ရုရှားတင်းနစ်မယ် ရှာရာပိုဗာ အနိုင်ရပြီး ဤသို့ အောင်ပွဲခံခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ဗီယင်နာ အောက်တိုဘာ ၂၇

ယူအက်စ်အိုးပင်းချန်ပီယံ မာရီယာ ရှာရာပိုဗာသည် သြစတြီးယားနိုင်ငံ မြောက်ပိုင်း လင့်ဇ်မြို့၌ ကျင်းပသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ဂရိမှ ဒန်နီလစ်ဒိုးအား အနိုင်ရပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ရုရှား ထိပ်တန်းတင်းနစ်မယ်ရှာရာပိုဗာသည် အဆိုပါဂရိတင်းနစ်မယ်အား ၇-၅၊ ၆-၁ ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ကွာတားဖိုင်နယ်တွင် ဆားဘီးယားမှ အနာအီဗနိုဗစ်နှင့် တွေ့မည်ဖြစ်သည်။ ရှာရာပိုဗာသည် ပြီးခဲ့သောသီတင်းပတ်က ဇူးရစ်အိုးပင်းတင်းနစ် ပြိုင်ပွဲတွင်လည်း ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းဖလားသည် သူမ၏ ယခုနှစ်အတွင်း စတုတ္ထမြောက်ဖလားဖြစ်သည်။ **(အင်တာနက်)**

အားကစားသတင်းအတိုအထွာ

မက်ဒရစ် အောက်တိုဘာ ၂၇

- **အင်္ဂလန် အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် စပိန်လာလီဂါမှ ထွက်ခွာရန် သတင်းများပေါ်ထွက်နေသော်လည်း ဘက်ခမ်းအနေဖြင့် စာချုပ်သစ်ချုပ်ဆိုလိမ့်မည်ဟု ယုံကြည်ကြောင်း ရီးရဲမက်ဒရစ် အသင်းဥက္ကဋ္ဌ ရေးမွန်းကယ်ဒါရွန်က ပြောကြားခဲ့သည်။**
- **ဘာစီလိုနာအသင်းနည်းပြ ဖရန့် ရစ်ကတ်က စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင် ဘာဒါလိုနာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ အနိုင်ဂိုးနှစ်ဂိုးစလုံးသွင်းပေးသူ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဂတ်ဂျွန်ဆင်အား ချီးကျူးစကားဆိုခဲ့သည်။**
- **ရီးရဲဆိုဆီဒက် အသင်းနည်းပြ ဂျို့စ်မာရီဘာဘီရိုသည် စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင် ဒုတိယတန်းမှ မာလာဂါအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့၍ နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သည်။**
- **အာဆင်နယ် ညာနောက်တန်းကစားသမား လောရင့်သည် ဒဏ်ရာရထား၍ နောက်ထပ်နှစ်လ ထပ်မံ အနားယူရမည်ဆိုသည်။ အာဆင်နယ်ရောက် ကင်မရွန်းကစားသမားသည် ဇန်နဝါရီလ ကတည်းက ဒူး၌ ဒဏ်ရာရထား၍ ပါဝင်မကစားနိုင်ခဲ့ချေ။**

(အင်တာနက်)

ပရီမီယာလိဂ်ဂိုးခန့်မှန်းချက်

လန်ဒန် အောက်တိုဘာ ၂၇

ပရီမီယာလိဂ် ပွဲစဉ်(၁၀) ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၈ရက်(ယနေ့)ညပိုင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အင်္ဂလန် ဘောလုံးကျွမ်းကျင်သူ လောရို၏ ဂိုးခန့်မှန်းချက်များကို ဖော်ပြလိုက်ပါသည်။

ရှက်ဖီး	၀ - ၂	ချယ်လ်ဆီး
အာဆင်နယ်	၂ - ၀	အဲဗာတန်
ဘော်လ်တန်	၁ - ၂	မန်ယူ
ဖူလ်ဟမ်	၁ - ၁	ဝီဂန်
လီဗာပူး	၂ - ၀	အက်စ်တွန်ဗီလာ
ပို့စ်မောက်	၂ - ၀	ရက်ဒင်း
ဝက်ဖို့ဒ်	၂ - ၂	တော့တင်ဟမ်
နယူးကာဆယ်	၂ - ၂	ချာလ်တန်
ဝက်စ်ဟမ်း	၂ - ၀	ဘလက်ဘန်း
မန်စီးတီး	၂ - ၁	မစ်ဒယ်ဘရော့

အင်တာနက်

မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

ချစ်သမီးလေး **ဖြိုးသီဂီဇော်(ခ)အိုးဝေ** ရဲ့ ယနေ့မှာကျရောက်တဲ့ မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ကျော်တိုင်အောင် ကျန်းမာ ချမ်းသာစွာဖြင့် ပညာရည်ထူးချွန်ထက်မြက်သော သမီးကောင်းရတနာ လေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်–

ချစ်ဖေဖေ – ဗိုလ်မှူးဇော်လွင်ထွန်း
ချစ်မေမေ – ဒေါ်သီတာမင်း။



ဦးကျော်ဇေယျ ၆/ကသန(နိုင်)၀၀၀၁၆၃ နှင့် ပတ်သက်၍ အများသိစေရန်

Asia Light Co.,Ltd.မှ ဝန်ထမ်း ဦးကျော်ဇေယျ ၆/ကသန(နိုင်)၀၀၀၁၆၃သည် မော်တော်ယာဉ်ပစ္စည်းများဝယ်ယူရာတွင် ငွေလက်ငင်းပေးချေ ဝယ်ယူရန်ကုမ္ပဏီမှ ၎င်းအားပစ္စည်းဖိုးငွေများကို ထုတ်ပေးခဲ့ပါလျက် သက်ဆိုင်ရာ ရောင်းချသူပစ္စည်း ပိုင်ရှင်/ဆိုင်များသို့ ပေးချေခြင်းမပြုဘဲ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့သောကြောင့် ဦးကျော်ဇေယျအား ၂၁–၁၀–၂၀၀၆ရက်မှစ၍ ကုမ္ပဏီ၏ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခဲ့ပြီးဖြစ်ရာ ၎င်းအလွဲသုံးစားပြုလုပ်ခဲ့သော ငွေကြေးကိစ္စအရပ်ရပ်သည် ကုမ္ပဏီနှင့်လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ထိုငွေကြေးကိစ္စရပ်များကို ၎င်းနှင့်သာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

Asia Light Co., Ltd.၏လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမေအောင်
B.Sc., R.L.D.B.L,
ဥပဒေအကျိုးဆောင်နှင့်ဥပဒေအကြံပေး
အခန်း ၉၊ တိုက် ၁၉/၄၃၊ ဗိုလ်ဆွန်ပက်လမ်း၊ ရန်ကုန်မြို့။

မင်္ဂလာဆောင်ကြောင်းလမ်းပြီးစီးခြင်း

(ဦးကျော်သိန်း)–ဒေါ်သိန်း (ဆီဆိုင်)တို့၏သား
ခွန်ကျော်ဇောအောင် (Manager)
(စံဖွံ့ဖြိုးထရေးဒင်းကုမ္ပဏီ၊ နေပြည်တော်)
နှင့်
(ဦးထွန်းမြင့်)–ဒေါ်အုန်းခင်(မန္တလေး၊ စိန်ပန်းရပ်)တို့၏
တစ်ဦးတည်းသောသမီး
မငြိမ်းငြိမ်းထွန်း (B.Sc, Bot)

တို့၏ ၂၂–၁၀–၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ခွန်ကျော်ဇောအောင်–မငြိမ်းငြိမ်းထွန်း။



ချောက်ဂျီတီအိုင်ကျောင်းဆင်း မိသားစု ကထိန်ကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၇

သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံ(ချောက်)ကျောင်းဆင်း အင်ဂျင်နီယာ မိသားစုများ၏ စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားများကို အောက်တိုဘာ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းမ ပေါ်ရှိ အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်၊မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၁လမ်းနှင့်၇၁လမ်း ထောင့်ရှိ မော်လမြိုင်ကျောင်းတိုက်တို့တွင်ကျင်းပမည်ဖြစ်သည်။

ကျောင်းဆင်း မိသားစုများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ရန်ကုန်မြို့တွင် ဦးမောင်မောင်အုန်းမြင့် ဖုန်း–၀၉–၅၀၁၅၆၇၈၊ ဦးအောင်မြင့်သိန်း ဖုန်း–၀၉–၅၁ ၄၃၈၀၆ တို့နှင့် မန္တလေးမြို့တွင် ဦးဇော်မြင့် ဖုန်း–၀၉–၅၁၀၂၉၂၇၊ ဦးဌေးလှ ဖုန်း–၀၉–၅၁ ၀၈၅၃၃ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လူကုန်ကူးသူတရားခံအား တာချီလိတ်ခရိုင်တရားရုံးကပြစ်ဒဏ်ချ

ရန်ကုန် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ အောက်တိုဘာ ၃ရက်တွင် လူကုန်ကူးမှုတရားခံ တစ်ဦးအား ထောင်ဒဏ် ၁၂နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရှိရသည်။

စစ်ဆေးပေါ်ပေါက်

အမှုဖြစ်စဉ်မှာ တာချီလိတ်မြို့ ပါလျံ(၁)ရပ်ကွက်မှ နန်းအေးနော် ဆိုသူသည် တစ်ရပ်ကွက်တည်းနေ အမျိုးသမီးငယ် နှစ်ဦးတို့အား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ခေါက်ဆွဲဆိုင်တွင် အလုပ်ရမည်ဟု စည်းရုံး ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် အမျိုးသမီးငယ် နှစ်ဦးတို့အား ဗန်ကောက်မြို့မှတစ်ဆင့် မလေးရှားနိုင်ငံ နယ်စပ်မြို့တစ်မြို့သို့ ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ်စေခိုင်းရန် ရောင်းစားခဲ့သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း။

ပြစ်ဒဏ်ချမှတ်

ထို့ကြောင့်တရားခံ နန်းအေးနော်(၄၁)နှစ် (ဘ)ဦးဆမ်ရွက်အား တာချီလိတ်ခရိုင်တရားရုံးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ(၂၄)အရ ထောင်ဒဏ် ၁၂နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လသာမြို့နယ်သံဈေး သီတဂူတရားပွဲ

ရန်ကုန် အောက်တိုဘာ ၂၇

အကြိမ်(၄၀)မြောက် သံဈေးမိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာမဏ္ဍပ်တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt)(Ph.D)သည် အောက်တိုဘာ၃၀ရက် (တနင်္လာနေ့) ညနေ၅နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။ **(သတင်းစဉ်)**

လူထုဆန္ဒပြုလွှာများလက်မှတ်ထိုးခိုင်းသော်လည်းအများစုကငြင်းပယ် မလိမ့်တပတ်ရယူခဲ့သည့်လက်မှတ်များသာများပြား

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ခြင်းထိစပ်နေသော တရုတ်နိုင်ငံ ရွှေလီ–ကြယ်ခေါင်တွင် NLD-LA မြောက်ပိုင်းတာဝန်ခံ မြမောင်(ခေါ်)အောင်ကျော်ဇော ဦးဆောင်၍ လူထုဆန္ဒပြုလွှာလက်မှတ်ရေးထိုးခြင်းကို အောက်တိုဘာ၁၀ရက်က စတင်လုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့သည် ကုန်သည်၊ ပွဲစား၊ အခြေအနေမဲ့များနှင့် ကျပန်းလုပ်ကိုင်စားသောက်နေသူများအား စည်းရုံး၍လည်းကောင်း၊ မလိမ့်တပတ်ပြောဆို၍လည်းကောင်း လက်မှတ်ရေးထိုးစေခဲ့သော်လည်း အများစုက လက်မှတ်ရေးထိုးခြင်းမပြုဘဲ ငြင်းပယ်ခဲ့ကြကြောင်း၊ ရွှေလီ–ကြယ်ခေါင်တွင် ခိုအောင်းနေသော ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် အခြေအနေမဲ့များ စုစုပေါင်း၁၀ဦးခန့်ကသာ လက်မှတ်ရေးထိုးခဲ့ကြကြောင်း။

မလိမ့်တပတ်ရယူ

အလားတူ ပျော်ဘွယ်မြို့ NLD အတွင်းရေးမှူး ဦးအောင်သန်းဝင်း၏ စေခိုင်းချက်ဖြင့် ပျော်ဘွယ်မြို့ မြင်းပတ်ရပ်ကွက်နေ ဂျော်နီ(ခေါ်)ကျားကြီးဆိုသူသည် အောက်တိုဘာ ၂၅ရက်က ရွှေပြည်ရန်အောင်ရပ်ကွက်ရှိ အိမ်တစ်အိမ်သို့သွားရောက်၍ အိမ်ရှင်ဇနီးမောင်နှံအား လူထုဆန္ဒပြုလွှာ လက်မှတ်ရေးထိုးစေခဲ့သော်လည်း အိမ်ရှင်တို့က ရေးထိုးပေးခဲ့ခြင်းမရှိသဖြင့် ထိုအိမ်အနီးရှိ အိမ်တစ်အိမ်သို့သွားရောက်၍ အကျိုးအကြောင်းရှင်းလင်းပြောကြားခြင်းမရှိဘဲ အိမ်ရှင်အမျိုးသမီး တစ်ဦးထံမှ မလိမ့်တပတ်ဖြင့် လက်မှတ်ရယူသွားခဲ့ကြောင်း။

လူထူးလူဆန်းအဖြစ်ကြည့်ရှု

ထို့အပြင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ အောက်တိုဘာ၂၁ရက်က အဆိုပါရပ်ကွက်နေ ဦးထွန်းရှိန်ဆိုသူရောက်ရှိလာပြီး လူထုဆန္ဒပြုလွှာ လက်မှတ်ရေးထိုးပေးရန် လိုက်လံစည်းရုံးခဲ့ကြောင်း၊ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ လက်မှတ်ရေးထိုးပေးခြင်းမရှိဘဲ ၎င်းအား လူထူးလူဆန်းတစ်ယောက်အဖြစ် ဝိုင်းဝန်းကြည့်ပြီး လှောင်ပြောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(က–ပ)**

အဆို၊အက၊အရေး၊အတီးပါဝင်ပြိုင်ပွဲဝင်ခဲ့ကြသည့် အနုပညာရှင်များ နေပြည်တော်၌လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၇

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် အနုပညာရှင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ၊ နေပြည်တော်တွင် လေ့လာရန် ရောက်ရှိနေကြသော ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားယဉ်ကျေးမှု လေ့လာရေးကိုယ်စားလှယ်များသည် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပျဉ်းမနားတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး နိုင်အောင်နှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် အတူယနေ့ နံနက်၇နာရီခွဲတွင် ပေါင်းလောင်းရေလှောင်တမံနှင့် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို သွားရောက်ကြည့်ရှု လေ့လာကြသည်။ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံအကြောင်း သိကောင်းစရာများကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ ပေါင်းလောင်းရေလှောင်တမံကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၁၉၉၈ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၅ခုနှစ် မတ် ၂၅ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့ကြိုလုပ်ငန်း အမှတ်(၂)သကြားစက် ပျဉ်းမနားနှင့် အမှတ်(၃)သကြားစက် ပျဉ်းမနားတို့သို့သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ် ပတ်ဝန်းကျင် သာယာလှပမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ဟိုတယ်ဇုန်သို့ ရောက်ရှိကြပြီး သင်္ဂဟဟိုတယ်၊ ကုမုဒြာဟိုတယ်၊ မြတ်တော်ဝင်ဟိုတယ်နှင့် ရွှေနန်းတော်ဟိုတယ်များကို အဖွဲ့များခွဲ၍ ကြည့်ရှုလေ့လာကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှတာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် ကံ့ကော်ဝန်ထမ်းအိမ်ရာကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော်မြို့မဈေးသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး သပြေကုန်းအပိုင်းမှတစ်ဆင့် မွန်းလွဲပိုင်းတွင် တည်းခိုဆောင်များသို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် အောက်တိုဘာ ၂၇

၂၀၀၆ခုနှစ် နိုဝင်ဘာ၄ရက်မှ ၇ရက် ကာလအထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ ပေခန့်မှ ၂၀ ဒသမ ၇ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်းကို ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

တတိယအကြိမ် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီက နိုဝင်ဘာ ၈ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ကျင်းပမည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲတွင် ဌာနဆိုင်ရာအသီးသီးမှ ပြခန်း ၄၀နှင့်ကုမ္ပဏီများမှပြခန်း ၆၆ခန်း ပါဝင်ပြသသွားမည် ဖြစ်သည်။ စက်မှုဇုန်မှထုတ်လုပ်သော ယာဉ်များကို ခန်းမအပြင်ဘက်တွင် ပြသမည်ဖြစ်ပြီး အတွင်း၌ သိန်းဇော်နှင့်ညီများ ကားဘော်ဒီ အပိုပစ္စည်း ရောင်းဝယ်ရေး၊ လွင်ကျော် မော်တော်ယာဉ်ထုတ်လုပ်ရေး၊ Yangon Jeep ထုတ်လုပ်ရေး၊ ချောဆီများဖြစ်သော SPC၊AP၊ Camelနှင့် AXCL ၊မောင်ကျော်ဝင်း ကားအပိုပစ္စည်း၊ ဝင်းချယ်ရီတာယာနှင့် ဘက်ထရီ၊ TOYO ဘက်ထရီ၊ Maxxis Tyre၊ LYNX (CNG Co.,)၊ Myanmar Mutomobile Group၊ Green Line Myanmar Group၊ စူပါရေခဲမုန့်၊ Premier ကော်ဖီ၊ KSS Food၊ Milano Shirts၊ Dell Computer၊ Account Care စာအုပ်ဆိုင်၊ မြန်မာသီဟကုမ္ပဏီ၊ Fisca Co.,၊ Kyaw Zeya Telecommunication၊ OK Myanmar Co., က လျှပ်စစ် ပစ္စည်းများ၊ Imperial Jade သောက်ရေသန့်၊ Fresh Up သွားတိုက်ဆေး၊ UPG Paints၊ Brightex Paints၊ Unimed Trading (Medicals)၊ Acro Co., (Medicals)၊ D.A.Y Light Foods၊ တိုင်းရင်းဆေးများဖြစ်သော မုန်ချို၊ ဂဠုန်ရာဇာ၊ ထွန်းရွှေဝါ၊ ရွှေမြန်မာနှင့်ရွှေရိုင်းတို့ပြသမည်ဖြစ်ပြီး ကျန်ရှိဆိုင်ခန်းများအတွက် ငှားရမ်းလိုပါက ဦးစိုးမြတ်အောင် ဖုန်း–၀၁–၅၅၆၀၈၃၊ဖက်(စ်)၀၁–၅၅၆၀၈၃ သို့ အောက်တိုဘာ၃၁ရက်နောက်ဆုံးထား ဆက်သွယ်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုဂုဏ်အင် နေပြည်တော် အဆို၊ အက၊ အရေး၊ အတီးသဘင်

"စန္ဒရားသို့
ဝါးပတ္တလား၊ မခုံညားဟု
အများရှေ့ဝယ်၊ မျက်နှာငယ်လည်း
ရင်ဝယ်မြတ်နိုး၊ ရှားအဖိုးကား
အမျိုးသားဟန်၊ ဂီတမာန်နှင့်
လက်ခံရိုကျိုး၊ စဉ်မြတ်နိုးသည်
မျိုးချစ်စိတ်နှင့် ပေတကား"။ ။

အောင်သာဆန်း (သံတွဲ)

ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ရှေးမြန်မာကြီးများ ခေတ်အဆက်ဆက် ထိန်းသိမ်းဆင့်ပွား ပျိုးထောင်လာခဲ့ကြသည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး အနုသုခုမ ပညာရပ်များနှင့်တကွ အနုသုခုမနယ်ပယ်တွင် စိမ့်ဝင်စီးဆင်းနေသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာကောင်းများ၊ သိမ်မွေ့နက်နဲသည့် တွေးခေါ်မြော်မြင်မှု သဘောတရားများ၊ ကောင်းမြတ်သည့် လူမှုကျင့်ဝတ် မင်္ဂလာတရားများ၊ နိုးကြားထက်မြက်သည့် ဇာတိသွေး ဇာတိမာန်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်း အမွေကောင်းပေးနိုင်အောင် အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ရန် လိုအပ်ပါသည်။

ဆို၊ က၊ ရေး၊ တီး ဂီတသဘင် နယ်ပယ်တစ်ရပ်လုံးတွင်လည်း ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကပြ သီဆို တီးမှုတ်မှုနှင့် အသုံးပြုတူရိယာပစ္စည်းများမှစ၍ ထူးခြားသည့် ကိုယ်ပိုင်မှုဟန် မြန်မာမှု မြန်မာ့အသွင်စစ်စစ်ဖြင့် နိုင်ငံတကာတွင် မြန်မာ့အနုပညာဟူ၍ အမည်တတ်နိုင်သော ဂုဏ်ယူဝင့်ကြွားနိုင်သည့် ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်နေပါသည်။

ယင်းသို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် တင်ဆက်ပြသနိုင်ခြင်းအားဖြင့် တွေ့မြင်ရသည့် မျိုးဆက်သစ်လူငယ်များအဖို့ မြန်မာ့ယဉ်ကျေးမှု၏ ကြီးကျယ်ခမ်းနားထည်ဝါမှု သမိုင်းကြောင်းရှည်လျားခဲ့ထည်မှု၊ နက်နဲသိမ်မွေ့သည့် မြန်မာ့အနုပညာရပ်များ၏ ပြည့်စုံကြွယ်ဝမှုတို့ကို ခံစားသိရှိနားလည်နိုင်ပြီး လေးစားဂုဏ်ယူခြင်းနှင့်အတူ အလေးထား မြတ်နိုးတန်ဖိုးထားသည့်စိတ်များ ပြင်းပြစွာ ပေါ်ပေါက်လာစေမည် ဖြစ်ပါသည်။

ကိုယ်ကျင့်တရား မြင့်မြတ်မှု၊ သစ္စာစောင့်စည်းမှု၊ စိတ်ဓာတ်တည်ကြည်ဖြောင့်မတ်မှု စသည့် စိတ်ဓာတ်ကောင်း၊ ခံယူချက်ကောင်းများ ပွားများလာစေမည့်အပြင် အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာပြီး မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွားခိုင်မာလာမည် ဖြစ်ပါသည်။

မြန်မာ့သဘင်ပညာရပ်၏ အမြုတေဟု ဆိုရမည့် ဆိုငိုပြော ပညာရပ်များတွင် မြန်မာစာပေ၏ ကဗျာ၊ လင်္ကာ အမွှန်းအဖွဲ့ သီကုံးစီခြယ်မှုများ၊ လူမှုကျင့်ဝတ်၊ လူမှုတန်ဖိုးများ စိမ့်ဝင်ပေါင်းစည်း ဖြစ်တည်နေမှုသည် တစ်မူထူးခြားသည့် ဂုဏ်ရည်တစ်ရပ်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မျိုးရိုးဗီဇနှင့် သဘာဝ အသိတရား၏ စေ့ဆော်မှုအရ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စည်ပင်ပြန့်ပွားထွန်းကားအောင် ပြုစုပျိုးထောင်ခြင်း၊ သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင် လက်ဆင့်ကမ်း အမွေပေးဝေခြင်းစသည့် အစဉ်အလာကောင်းများ ထုံမွမ်းနေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ယနေ့တိုင် ရပ်တည်နေဆဲဖြစ်ပါသည်။ မြန်မာ့သမိုင်းအစတွင် ပေါ်ထွန်းခဲ့သည့် တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာစသည့် မြို့ပြနိုင်ငံများ၏ ခေတ်ကာလမှာပင် အဆင့်အတန်းမြင့်မားသည့် မြန်မာ့ယဉ်ကျေးမှု၏ ဂုဏ်ဒြပ်နှင့် အရည်အသွေးကို ခေတ်ပြိုင် အိမ်နီးချင်းနိုင်ငံများက အသိအမှတ်ပြု မှတ်တမ်းတင်ခံခဲ့ရပါသည်။

သရေခေတ္တရာ မြို့ဟောင်း ဘုရားမာအနီးမှ တူးဖော်ရရှိခဲ့သော ကခုန်တီးမှုတ်နေဟန် ပျူကြေးရုပ်ငါးရုပ်သည် ရှေးဦးအစ ကာလများကပင် နက်နဲသိမ်မွေ့ပြီး အဆင့်အတန်းမြင့်မားစွာ ဖြစ်ထွန်းနေပြီဖြစ်သည့် မြန်မာ့သုခုမပညာ၏ ဂုဏ်ပုဒ်ကို ဖော်ညွှန်းပြဆိုနေသည့် ခိုင်မာသော အထောက်အထားများပင် ဖြစ်ပါသည်။ ရှည်လျားလှသည့် မြန်မာ့ယဉ်ကျေးမှု သမိုင်းအစဉ်အလာများကို လက်ဆင့်ကမ်း ပေးဝေရင်း ထိန်းသိမ်းခဲ့ကြ၍ ယနေ့တိုင် ခိုင်မြဲလျက်ရှိနေပါသည်။ မြန်မာ့ဂီတ၏ တေးသီချင်းအစဟု ဆိုနိုင်သည့် မြင်စိုင်းခေတ်၏ ကာချင်းများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာ၊သာသနာဂုဏ်တို့ကို ထွန်းတောက်စေပြီး စိတ်ပိုင်းဆိုင်ရာ တက်ကြွမှုများဖြင့် ဖွဲ့ဆိုသီကုံးထားခြင်း ဖြစ်ပါသည်။

ယခုနှစ် ဇာတ်သဘင်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သော ဝေဿန္တရာဇာတ်တော်ကြီးသည်လည်း ဒါနပါရမီကို အထွတ်တင်ပြီး မေတ္တာပါရမီ၊ ခန္တီပါရမီစသည့် ဘုရားအလောင်းတော်တို့ ကျင့်ကြံအပ်သော ပါရမီအသွယ်သွယ်ကို မဆုတ်မနစ် ကျင့်ကြံအားထုတ်သည့် ဝေဿန္တရာမင်းကြီး၏ မြင့်မြတ်တည်ကြည်သည့် စိတ်ဓာတ်၊ ယနေ့ထက်တိုင် မြန်မာအမျိုးသမီးများအပေါ် ဩဇာလွှမ်းမိုးနေဆဲဖြစ်သည့် မဒ္ဒီဒေဝီမိဖုရား၏ ပါရမီဖြည့်ဖက်စိတ်ဓာတ် ခံယူချက်နှင့် သစ္စာတရား နက်ရှိုင်းတည်ကြည်မှုတို့ကို လေးလေးနက်နက် ဖော်ကျူးထားသည့် ဇာတ်တော်ကြီးတစ်ခုပင် ဖြစ်ပါသည်။

တက္ကသိုလ်မြမဥ္ဇူ

ထိုနည်းတူပင် ရုပ်သေးသဘင် ပြိုင်ပွဲအတွက် ရွေးချယ်ကပြသော သဒ္ဒါသုမန ဇာတ်သည်လည်း အလှူဒါန၏ အကျိုးနှင့် မွန်မြတ်သည့် စိတ်ရင်းစေတနာမှန်သည်သာ ကောင်းမြတ်သည့် အကျိုးတရားကို ဖြစ်စေသည်ဆိုသည့် ယုံကြည်ချက်ကို ပိုမိုလေးနက် ထင်ရှားစေခဲ့သော ဇာတ်ထုတ်တစ်ခုပင် ဖြစ်ပါသည်။

မြန်မာ့ဇာတ်သဘင်နှင့် ရုပ်သေးသဘင်တို့သည် မြန်မာမှု၊ မြန်မာ့ဂုဏ်ရည်၊ မြန်မာ့ထုံးဓလေ့ အတွေးအခေါ် အယူအဆများနှင့် ထုံမွမ်းနေရုံမျှမက ဆိုငိုပြော ပညာရပ်များတွင် အကျုံးဝင်သည့် တောလား တောင်လား ရာသီဘွဲ့၊ အလွမ်းအဆွေးဘွဲ့၊ အရွှင်အမြူးဘွဲ့၊ စာကဗျာ လင်္ကာ အဖွဲ့အနွဲ့များ၊ အခေါ်အထူး အကြိမ်းအမောင်း ဆိုင်းဆင့် ပတ်တိုက်စသည့် ပညာရပ်များအပြင် ဇာတ်ဆရာများ၏ စာပေကျမ်းဂန်နှံ့စပ်မှု၊ မြန်မာမှု ဗဟုသုတကြွယ်ဝမှု၊ ထီးမှုနန်းဟန် ကျွမ်းဝင်မှုစသည့် မြန်မာမှု အဆီအနှစ်များ စုဝေးပါဝင်နေပါသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ 'သဒ္ဒါသုမန ဇာတ်တော်ကြီး' ရုပ်သေးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ရတနာပုံ ရုပ်စုံသဘင်အဖွဲ့ ဤသို့ ယှဉ်ပြိုင်တင်ဆက်နေသည်ကို တွေ့ရသည်။

အထူးသဖြင့် အခြားသော နိုင်ငံများတွင် အဆိုဇာတ်၊ အပြောဇာတ်၊ အကဇာတ်တို့ သီးခြားစီဖြစ်တည်နေကြသော်လည်း မိမိတို့ မြန်မာဇာတ်တော်ကြီးများသည် အဆို၊ အက၊ အရေး၊ အတီး ပညာရပ်အားလုံးသာမက စာပေ၊ ကဗျာ၊ လင်္ကာနှင့်ပါ ပေါင်းစည်းယှက်နွယ် ဖြစ်ထွန်းနေမှုသည် ထူးခြားသည့် ဂုဏ်ဒြပ်တို့ဖြင့် ပြည့်စုံလျက်ရှိပါသည်။

အတိတ်ကာလက ဘိုးဘွားအမွေဖြစ်သည့် မြန်မာ့အနုသုခုမပညာရပ်များနှင့်တကွ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီး၏ ကောင်းမွေများကို ပစ္စုပ္ပန်ကာလ၏ ကောင်းမြတ်သော ကြိုးပမ်းအားထုတ်မှု ဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများနှင့် ပေါင်းစပ်ပြီး အနာဂတ်အတွက် အကျိုးကျေးဇူးကောင်းများ၊ အနုပညာအမွေအနှစ် စစ်စစ်များ ပွားများကျန်ရှိအောင် ဆက်လက်လက်တွဲ ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြပါသည်။

ရိုးရာယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် ရေသောက်မြစ် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့ဇာတ်သဘင် ပညာရပ်များကို ပြည်သူများအကြား၊ မျိုးဆက်သစ် လူငယ်များကြား အမြဲရှင်သန်ခိုင်မာ ပြန့်ပွားရန် လိုအပ်ပါသည်။ ဤလိုအပ်ချက် ပြည့်စုံစေရန်အတွက် မြန်မာပြည်ဒေသ အနှံ့အပြား ရိုးရာယဉ်ကျေးမှုများ သင်ကြားလေ့လာနိုင်ရန်၊ မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရန်တို့ကို ကြိုးပမ်းထမ်းဆောင်ကြရမည် ဖြစ်ပါသည်။ အမျိုးသားရေး ဂုဏ်သိက္ခာနှင့် အမျိုးသား ဇာတိသွေး ဇာတိမာန်စိတ်များ ဖြစ်ပေါ်လာစေရန် တေးရေး၊ တေးသီချင်းရေးစပ်ပြိုင်ပွဲများက လွန်စွာ အကျိုးပြုခဲ့ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၁၄)ကြိမ်တိုင်ပြီ ဖြစ်ပါသည်။ တစ်ကြိမ်မှ တစ်ကြိမ် လက်ဆင့်ကမ်း စိုက်ပျိုး၊ ပျိုးထောင်၊ မြေဆီမြေနှစ်ကျွေး၊ ပေါင်းသင်၊ ရေလောင်း ပြုပြင်ခဲ့သော မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်ရှင်သန်ရေး မျိုးချစ်ပင်ပျိုလေးသည် အားနှင့်မာန်နှင့် ဝင့်ကြွား ရှင်သန်နုသစ်နေခဲ့ပြီ ဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နှစ်စဉ်မပျက်မကွက် ကျင်းပခဲ့မှုကြောင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ အနုပညာဝါသနာရှင်များသည် သက်ဆိုင်ရာ မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့တေးသီချင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်တို့ကို ထာဝစဉ်ဆန်းသစ်ရှင်သန်ရန်၊ ထာဝစဉ် သစ်လွင်နုပျိုလှပစေရန် ပြင်ဆင်ကြိုးပမ်းကြပါသည်။ ပညာရပ်တစ်ခုချင်းစီ၏ အနုစိတ်သော၊ ပညာသားပါသော၊ လွန်စွာလေးနက်သော၊ ထူးခြားသော မြန်မာ့အနုပညာကို သူနိုင် ငါနိုင် အပြိုင်ကြံ၍ ဖော်ထုတ်ကြသည့်ပွဲကြီးလည်း ဖြစ်ပါသည်။ အချို့မှာ ပြိုင်ပွဲဝင်နိုင်ရေး နှစ်လုံးပေါက် လေ့လာ လေ့ကျင့်ကြပါသည်။ ထို့ကြောင့် ပြိုင်ပွဲကြီး၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရန်ဟူသော ဦးတည်ချက်သည် အောင်မြင်မှုကို ရရှိခဲ့ပါသည်။

မြန်မာဟူသည်မှာ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက်များဖြင့် သီးခြားရပ်တည်နေသူများ ဖြစ်ကြပါသည်။ ရှေးယခင်ကတည်းက "ဂန္ထဝင်တကျ စံတင်ရသော" မြန်မာ့အနုသဘင်တွင် မြန်မာတို့၏ စိတ်နေစိတ်ထားမြင့်မြတ်မှု၊ စိတ်သဘောထား ပြည့်ဝမှုများက ပေါ်လွင်ထင်ရှားခဲ့ပါသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ကျင်းပလာခဲ့သော သက်တမ်းတစ်လျှောက်တွင် အသက်အရွယ် အပိုင်းအခြားအလိုက် လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်စေရန် စီစဉ်ထားခဲ့သည်။ သားငယ် သမီးငယ်များသည် အရွယ်နှင့်မလိုက် ဆိုနိုင်၊ တီးနိုင်၊ ကနိုင်ကြသည်ကိုလည်း မြင်တွေ့နိုင်ပါသည်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များသည် လူငယ်ထု၏ စိတ်အစဉ်ဝယ် ဝင်ရောက်ခိုအောင်းနေပြီ ဖြစ်ပါသည်။ အသက်ငါးနှစ်မှ ၁၀နှစ်၊ ၁၀နှစ်မှ ၁၅နှစ်၊ ၁၅နှစ်မှ ၂၀ အတွင်း လူငယ်များကို ဘက်စုံပြိုင်ပွဲများ၌ ထည့်သွင်း၍ လူငယ်၏ မှန်ကန်သော မျိုးချစ်စိတ်ဓာတ်လမ်းကြောင်းကို ဖွင့်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ထိုမျိုးချစ်စိတ်ဓာတ်လမ်းကြောင်းမှ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ခိုင်မာကျစ်လျစ်လာစေမည် ဖြစ်ပါသည်။ ထိုကဲ့သို့ လူငယ်ထုအကြားရရှိသော ဖွံ့ဖြိုးတိုးတက်မှုရလဒ်သည် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး၏ အနှစ်သာရစစ်စစ်ပင် ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် မိမိနိုင်ငံ၊ မိမိလူမျိုးများ သွေးစည်းညီညွတ်မှုအင်အားကို ဖော်ထုတ်ပြသရန် လိုအပ်သော အချိန်အခါဖြစ်နေပါသည်။ ခေတ်ရေစီးကြောင်းကို အမည်ခံ၍ မြန်မာမှုမဆန်သော ဝတ်စားဆင်ယင်မှု၊ ပြောဆိုနေထိုင်မှုများ၊ မြန်မာ့လူမှုကျင့်ဝတ်နှင့် မကိုက်ညီသော လူနေမှုဓလေ့ထုံးစံများ ထိုးဖောက် ဝင်ရောက်လာနေသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုတိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန် အဓိကလိုအပ်ချက်သည် မြန်မာ့ယဉ်ကျေးမှုကို အခြေခံသော မျိုးချစ်စိတ်ဓာတ်ပင် ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို ဖော်ထုတ်ပြီး မျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ဖွံ့ဖြိုးစေခဲ့သည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်က ဦးဆောင်၍ နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းအတွက် သက်ဆိုင်သူအားလုံးအား များစွာဂုဏ်ယူ လေးစားမိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

28-10 (15) 1 10/28/06, 1:43 AM

ပရီမီယာလိဂ်ပွဲစဉ်(၁၀)ချယ်လ်ဆီးပွဲချောင်သော်လည်း မန်ယူက ဘော်လ်တန်ကို ခက်ခဲစွာ ကျော်ဖြတ်ရမည်

သုံးသပ်တင်ပြသူ **မြင့်မောင်စိုး**

လန်ဒန် အောက်တိုဘာ ၂၇

ပရီမီယာလိဂ်ပွဲစဉ်(၁၀)ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ၂၈ရက် (စနေနေ့)ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အာဆင်နယ်နှင့် အဲဗာတန်၊ ဘော်လ်တန်နှင့်မန်ယူ၊ ရက်ဖီးနှင့် ချယ်လ်ဆီး၊ လီဗာပူးနှင့် ဗီလာအသင်းတို့၏ယှဉ်ပြိုင်မှုသည် ပရိသတ်အကြိုက်ပြိုင်ပွဲများဖြစ်လာမည် ဖြစ်သည်။

ရက်ဖီး–ချယ်လ်ဆီး

ရက်ဖီးအသင်းသည် ချယ်လ်ဆီးအသင်းကို အိမ်ကွင်းအဖြစ် လက်ခံကစားမည်ဖြစ်သည်။ ၎င်းပြိုင်ပွဲကို အောက်တိုဘာ၂၈ရက် မြန်မာစံတော်ချိန် **(ညနေ)** ၆နာရီ၁၅မိနစ်တွင် ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ အနေအထားအရ ချယ်လ်ဆီးတို့ ဆက်လက်အောင်ပွဲအောင်ခံရန် သေချာသည်။ ချယ်လ်ဆီး တိုက်စစ်မှူးများ ဖြစ်ကြသည့် ဒရော့ဘာ၊ ရက်ဗ်ချင်ကိုတို့၏ ထိုးဖောက်တိုက်စစ်ကို ရက်ဖီးနောက်တန်း ကစားသမားများ ဖြစ်ကြသည့် အမ်းစထရောင်းနှင့် ဘရွန်ဘီတို့ အထူးသတိထားပိတ်ဆို့ကစားရလိမ့်မည် ဖြစ်သည်။ ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုကလည်း သူ၏အသင်း ထိပ်ဆုံးနေရာကို မန်ယူ ထံမှ လွှဲပြောင်းယူရေးအတွက် အမှားမခံ၊ အသေအချာ သုံးမှတ်ကို ရယူပေလိမ့်မည်။

ရက်ဖီးကို ဂိုးများများသွင်းပြီး အမှတ်တူဦးဆောင်နေသော မန်ယူကိုအမီလိုက်ရန် ချယ်လ်ဆီးအတွက် အကွက်ကောင်း ဖြစ်နေသည်။ ချယ်လ်ဆီးအသင်းသည် အဝေးကွင်းကစားရမည်ဖြစ်သော်လည်း ဂိုးဖြတ်အနိုင်ရဖွယ်ရှိသည်။

ပရီမီယာလိဂ်ပွဲစဉ်(၉)တွင် အာဆင်နယ်တိုက်စစ်မှူး ဝေါကော့တ် (အလယ်) ရက်ဒင်းဘက်သို့ ဤသို့ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ဘော်လ်တန်–မန်ယူ

မန်ယူနှင့် ဘော်လ်တန်တို့သည် အောက်တိုဘာ ၂၈ရက် (စနေနေ့)ည ၈နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မန်ယူတို့ဘော်လ်တန်ကွင်းတွင်ဧည့်အသင်းအဖြစ်သွားရောက်ကစားရမည်ဖြစ်သည်။

ပြီးခဲ့သော အပတ်က ပို့စ်မောက်နှင့် ကစားရာတွင် ချယ်လ်ဆီးမှ အက်ဆီယံ (ဝဲ)၏ ကစားကွက် တစ်ကွက်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

ယခုပြိုင်ပွဲတွင် မန်ယူအတွက် ပွဲကျပ်တွေ့မည့်ပွဲ ဖြစ်သည်။ ဘော်လ်တန်ကို ခက်ခဲစွာ ကစားရလိမ့်မည်ဖြစ်သည်။ လက်ရှိအနေအထားအရ ဘော်လ်တန်အသင်းသည် ခြေမာနေသည့်အသင်းဖြစ်သည်။ ဘော်လ်တန်မှ တိုက်စစ်မှူးများဖြစ်သည့် အနယ်ကာနှင့် ဒိုင်အုတ်တို့သည် ဂိုးသွင်းအစဉ်အလာရှိသော တိုက်စစ်မှူးများဖြစ်၍ ဖာဒီနန်၊ ဂရီနဗီးလ်အစရှိသော မန်ယူ နောက်ခံလူများ ဂရုစိုက်ကာကွယ်ရမည့်အနေအထားရှိသည်။

သို့သော်လည်း ဆိုးလ်ရှား၊ စီရိုနယ်ဒို၊ ရွန်နေ၊ပေါစခိုးနှင့် ရှိုင်ယန်ဂစ်တို့သည် မန်ယူတန်းစီဇယားထိပ်ဆုံးနေရာမှ မဆင်းရရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကြလိမ့်မည်ဖြစ်သည်။

အာဆင်နယ်–အဲဗာတန်

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ပွဲတွင် ချယ်လ်ဆီးတို့ခက်ခဲစွာ ကစားခဲ့ရသော ရက်ဒင်းအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် သွင်းပြနိုင်ခဲ့သည့် အသင်းဖြစ်သည်။ ယခုအပတ်တွင် အိမ်ကွင်း၌အဲဗာတန်အသင်းကို လက်ခံကစားရမည်ဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီအစက ခြေစွမ်းမျိုး မဟုတ်တော့ဘဲ ခြေစွမ်းပြလာမှုကြောင့် တန်းစီဇယားထိပ်ဆုံးရှိ ချယ်လ်ဆီးနှင့်မန်ယူတို့နောက်မှ ကပ်လိုက်လာပြီဖြစ်သည်။ အာဆင်နယ်တို့ရှစ်ပွဲကစားအပြီး စတုတ္ထနေရာသို့ ရောက်လာသည်။

အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်၊ ရိုဆစ္စကီးတို့၏ ဂိုးပေါက်ဖန်တီးမှု၊ အွန်နရီနှင့်ဗန်ပါစီတို့၏ ထိုးဖောက်တိုက်စစ်အရှိန်ကို အဲဗာတန် အကြိတ်အနယ်ကာကွယ်ရပေလိမ့်မည်။

အာဆင်နယ်နှင့်အဲဗာတန်တို့ပွဲသည် ခြေစွမ်းအနေအထားအရ ပုံမှန်အနေအထားရှိသော်လည်း အိမ်ကွင်းအားသာချက်ဖြင့် အာဆင်နယ် အသာရသွားနိုင်သည်။ အာဆင်နယ်တို့နိုင်ခြေများသည်။ ။

အခြားပွဲစဉ်များ

ဖူလ်ဟမ် – ဝီဂန်
လီဗာပူး – ဗီလာ
နယူးကာဆယ် – ချာလ်တန်
ပို့စ်မောက် – ရက်ဒင်း
ဝက်ဖို့ဒ် – စပါး
ဝက်စ်ဟမ်း – ဘလက်ဘန်း
မန်စီးတီး – မစ်ဒယ်ဘရော့။

ပရီမီယာလိဂ်အသင်းများ၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
မန်ယူ	၉	၇	၁	၁	၁၉	၅	၂၂
ချယ်လ်ဆီး	၉	၇	၁	၁	၁၅	၅	၂၂
ဘော်လ်တန်	၉	၆	၂	၁	၁၀	၄	၂၀
အာဆင်နယ်	၈	၅	၂	၁	၁၅	၄	၁၇
ပို့စ်မောက်	၉	၅	၁	၃	၁၃	၅	၁၆
အဲဗာတန်	၉	၄	၄	၁	၁၅	၈	၁၆
ဗီလာ	၉	၃	၆	၀	၁၁	၆	၁၅
ဖူလ်ဟမ်	၉	၃	၄	၂	၁၁	၁၄	၁၃
ရက်ဒင်း	၉	၄	၁	၄	၉	၁၂	၁၃
ဘလက်ဘန်း	၉	၃	၃	၃	၉	၁၁	၁၂
လီဗာပူး	၉	၃	၂	၄	၉	၁၁	၁၁
မစ်ဒယ်ဘရော့	၉	၃	၂	၄	၉	၁၁	၁၁
တော့တင်ဟမ်	၉	၃	၂	၄	၆	၁၀	၁၁
မန်စီးတီး	၉	၂	၃	၄	၆	၁၃	၉
ဝီဂန်	၈	၂	၂	၄	၁၁	၁၁	၈
နယူးကာဆယ်	၉	၂	၁	၆	၇	၁၃	၇
ရက်ဖီး	၉	၁	၃	၅	၄	၁၂	၆
ဝက်ဖို့ဒ်	၉	၀	၅	၄	၇	၁၃	၅
ဝက်စ်ဟမ်း	၉	၁	၂	၆	၆	၁၃	၅
ချာလ်တန်	၉	၁	၁	၇	၆	၁၅	၄

(မြန်မာ့အလင်း)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၃၀–၁၀–၂၀၀၆ **(တနင်္လာနေ့)**
- A Cultural Comparative Study between Pyu and Bagan
  - ရှေးဟောင်းသုတေသနပညာ အထူးပြုနှင့်(SEAP Studies) ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသားများအားလုံး
- The Cluture of Visnu Old City
  - ရှေးဟောင်းသုတေသနပညာ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းသားများအားလုံး

၃၁–၁၀–၂၀၀၆ **(အင်္ဂါနေ့)**
- Educational Anthropology
  - ဒုတိယနှစ် ပညာရေးတက္ကသိုလ် အဝေးသင်ကျောင်းသား၊ ကျောင်းသူများ
- Introduction to Biotechnology
  - (Biotechnology)ဘာသာရပ် လေ့လာသင်ကြားနေသော ကျောင်းသား ကျောင်းသူများစိတ်ဝင်စားသူများ

၁–၁၁–၂၀၀၆ **(ဗုဒ္ဓဟူးနေ့)**
- Intra-ASEAN Socio-Economic and Security Co-operation
  - သမိုင်း(ပ–ဒု–တ ဂုဏ်ထူးတန်း မဟာအရည်အချင်းစစ်)
- မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဥပဒေနှင့်နိုင်ငံတော်၏ လက်တွေ့ဆောင်ရွက်ချက်များ
  - အများပြည်သူများ

၂–၁၁–၂၀၀၆ **(ကြာသပတေးနေ့)**
- မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများဖွဲ့စည်းခြင်း
  - အဝေးသင်တက္ကသိုလ် တတိယနှစ် ဥပဒေအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- The Role of Psychology in Regional Development
  - စိတ်ပညာအထူးပြုအဝေးသင် နေ့ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ

၃–၁၁–၂၀၀၆ **(သောကြာနေ့)**
- Methods of Integration
  - ပထမနှစ်သိပ္ပံနေ့ကျောင်းသား၊ ကျောင်းသူများ
- Soaps and detergents Soaps I
  - တတိယနှစ် ကုန်ထုတ်ဓာတုဗေဒ၊ ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ

၅–၁၁–၂၀၀၆ **(တနင်္ဂနွေနေ့)**
- စကားပြေရွေးချယ်ချက်များမှ ပထမကလောင်စကားပြေအကြောင်း
  - ဒုတိယနှစ် မြန်မာစာအထူးပြု
- ရွှေပြည်စိုးဝတ္ထုမှဇာတ်ဆောင်စရိုက်
  - ဒုတိယနှစ် မြန်မာစာအထူးပြု
- ဝေါဟာရတ္တပကာသနီ
  - ဒုတိယနှစ် မြန်မာစာအထူးပြု
- ဘာသာဆောင်းပါးလာ ဥပမာစကားနှင့် မွေးစကားလုံးများအကြောင်း
  - ဒုတိယနှစ်မြန်မာစာအထူးပြု
- မွေးနွှန်းရကန်မှစာဆို ရွှေတောင်နန္ဒသူ၏ အရေးအဖွဲ့စွမ်းရည်
  - ဒုတိယနှစ် မြန်မာစာအထူးပြု
- Psychological Research
  - တတိယနှစ် စိတ်ပညာအထူးပြု
- Industrial Organizational Psychology I/0 Psychology
  - တတိယနှစ် စိတ်ပညာအထူးပြု
- Hypotheses
  - တတိယနှစ်စိတ်ပညာအထူးပြု
- Abnormal Psychology
  - တတိယနှစ် စိတ်ပညာအထူးပြု
- Treatment And Services
  - တတိယနှစ် စိတ်ပညာအထူးပြု
- Frequency Distribution
  - တတိယနှစ် စိတ်ပညာအထူးပြု
- I/0 Psychology Unit(I) Introduction
  - တတိယနှစ် စိတ်ပညာအထူးပြု

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ် ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ချက်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၈

၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင်ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မီရက်(ခ်)၊ တိုပို(လ်) နက်(ခ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရွေးချယ် ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုး စိုက်ပျိုးရေရရှိရေး ချောင်းပိတ်၊ မြောင်းပိတ် ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် နောင်ချို–ကျောက်မဲ–လားရှိုး ကားလမ်းဘေး ဝဲယာတစ်လျှောက်၌ မိုးစပါးနှင့် သီးနှံများဖြစ်ထွန်းအောင်မြင်မှုနှင့် လမ်းတံတားပိုင်းဆိုင်ရာအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် နံနက်ပိုင်းတွင် နောင်ချိုမြို့ ထွက် တိုးဂိတ်ရှိ အေးရှားဝေါလ်ကုမ္ပဏီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ***စာမျက်နှာ ၄ ကော်လံ ၁*** ✻

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်က ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

စာမျက်နှာ ၅ ကော်လံ ၁ ✡

ရှင်းလင်းပြောကြား

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်ပြ

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်ပြ

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဖတ်ကြားတင်ပြစဉ်။ **(သတင်းစဉ်)**

တပ်မတော်အခန်းနှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်းနှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

ယခုထပ်မံပေးပို့သော စာမျက်နှာ ၂၀ ကိုသာ သုံးရန်